# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၉၇)၊ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ၁၉-၆-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၁၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်းကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်နိုင်ငံ ကူမင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော် ဇွန် ၁၈

ပဉ္စမအကြိမ်မြောက် လန်ချန်း-မဲခေါင်ရုပ်သံအစီအစဉ်သီတင်းပတ် (5th Lancang – Mekong Audio-visual Week) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်ခဲ့ကြသည့် လန်ချန်း - မဲခေါင် အဖွဲ့ဝင် နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တရုတ်နိုင်ငံ ယူနန်ပြည်နယ် မြို့တော် ကူမင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

### ကြည့်ရှုလေ့လာ

ဦးစွာ ကူမင်း နိုင်ငံတကာ ပန်းရောင်းဝယ်ရေး လက်ကားဈေးနှင့် ကုန်သွယ်ရေးစင်တာ (Kunmin International FLORA Auction Trading Center Co., Ltd.)သို့ ရောက်ရှိပြီး ပန်းများ တင်သွင်းမှု၊ မှာယူမှု၊ ထုပ်ပိုးပို့ဆောင်မှု လုပ်ငန်းစဉ်အားလည်းကောင်း၊ ယူနန်ဒစ်ဂျစ်တယ် ပန်းထုတ်လုပ်ရေး (Yunnan Digital Flower Industry)ပြခန်းများနှင့် ပန်းများနမူနာ ခင်းကျင်းပြသထားမှုအား လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါ ပန်းရောင်းဝယ်ရေးစင်တာကို တရုတ်အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်၊ ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့က ၂၀၀၁ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းစင်တာအနေဖြင့် ပန်းများ အရည်အသွေးတိုးတက်ရေး၊ ပန်းမျိုးစိတ်အသစ်များ သုတေသနပြုလုပ်ရေးနှင့် ပန်းမျိုးစိတ်များ တိုးမြှင့်ရေး၊ ပန်းဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်ဝန်ဆောင်မှုများ ပံ့ပိုးပေးရေး၊ နည်းပညာထောက်ပံ့ရေး၊ ငွေကြေးနှင့် ပို့ဆောင်ရေး စသည့်ဝန်ဆောင်မှုများ ထောက်ပံ့ကူညီ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကမ္ဘာတွင် ဒုတိယအကြီးမားဆုံးနှင့် အာရှတွင် အကြီးမားဆုံး ပန်းကုန်သွယ်ရေးစင်တာဖြစ်လာပြီး နေ့စဉ် နိုင်ငံပေါင်း ၄၀ ကျော်သို့ ပန်းများ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

ဆက်လက်၍ ယူနန်တိုင်းရင်းဆေး ထုတ်လုပ်ရေး(Yunnan Baiyao Group Co., Ltd.)သို့ ရောက်ရှိကြပြီး ယူနန်မျိုးရင်းအပင်များမှ ထုတ်ယူအသုံးပြုမှုနည်းလမ်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတိုးတက်ရေး ပြည်တွင်းလုပ်ငန်းများနှင့် ယူနန်၏ ဇီဝဆေးပညာဆိုင်ရာ တိုင်းရင်းဆေးများ ထုတ်လုပ်ရေး၊ ဈေးကွက်ဖြန့်ချိရေး၊ တိုင်းရင်းရိုးရာဆေးဝါးများဖြင့် ထုတ်လုပ်သော သွားတိုက်ဆေးနှင့် တီထွင်ဆန်းသစ်မှုပြခန်းများနှင့် တိုင်းရင်းဆေး အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

### ဆွေးနွေး

ညပိုင်းတွင်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် WANDA REALM ဟိုတယ်၌ ယူနန်နေ့စဉ် သတင်းစာ (Yunnan Daily)ဥက္ကဋ္ဌ မစ္စတာ ဟွန်းဂျူကွမ်း ဦးဆောင်သည့် အဖွဲ့က ဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ပြီး အကြောင်း အမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရသည့် Twin City Forum ကို ယူနန်-မြန်မာ Forum နှင့်ပူးပေါင်း၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် မကြာမီ ပြန်လည် ကျင်းပနိုင်ရန်နှင့် မြန်မာနိုင်ငံမှ မီဒီယာကဏ္ဍအပြင်

စာမျက်နှာ ၆ သို့ ❖

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၈

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၆၀) ဖြစ်ပါသည်။

မိုး/ဇလ





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့သို့ သွားရောက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် သာမိုပလတ်စတစ် ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းအား အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ခိုင်က ပြင်ဦးလွင်မြို့တွင်း နိုင်လွန်ကတ္တရာလမ်းခင်းပြီး လမ်းမကြီးများတွင် ယာဉ်အန္တရာယ်ကင်းဆီးကာကွယ်ရေးအတွက် ယာဉ်ကြောပြဆေးလိုင်းများ၊ လမ်းစည်းကမ်းလိုက်နာရေးအမှတ်အသားများ ဆောင်ရွက်ပြီးစီးမှုနှင့် ယခု ဆောင်ရွက်လျက်ရှိသည့် ဗိုလ်ချုပ်လမ်းတစ်လျှောက် နိုင်လွန်ကတ္တရာလမ်းပေါ်တွင် သာမိုပလတ်စတစ် ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်သွားမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် (မန္တလေး-လားရှိုး) လမ်းမကြီးနှင့် မြို့ပတ်လမ်းဆုံအနီးရှိ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့(ညံ့တောဈေး)အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်ရန် လုပ်ငန်းခွင်မြေပြုပြင်ခြင်းလုပ်ငန်းနှင့် တည်ဆောက်မည့် အဆောက်အအုံပန္နက်လျာထားမှုအခြေအနေနှင့် ဈေးပတ်လည်ရှိ ရေနုတ်မြောင်းများ ပြန်လည်တည်ဆောက်မည့် လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်ရန် မြေတိုင်းတာသတ်မှတ်မှုပြီးစီးရေး၊ အဆောက်အအုံပန္နက်အတည်ပြုချက်ရရှိရေး တိုင်းတာတင်ပြရန် မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)ရှိ မဟာရွှေမြင်တင်စေတီတော်ကြီးသို့ အဝင်လမ်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖွံ့ဖြိုးရေးရန်ပုံငွေ(အခြား)ဖြင့် အရှည်ပေ ၁၆၀၀၊ ၂၄ ပေ အကျယ် နိုင်လွန်ကတ္တရာလမ်း ၃ လက်မထု ခင်းကျင်းဆောင်ရွက်နိုင်ရန် မူလလမ်းအကျယ် ၁၂ ပေအား တစ်ဖက်လျှင် ၆ ပေစီ တိုးချဲ့၍ ၂၄ ပေ အကျယ်ရရှိစေရန် လမ်းပခုံးချဲ့ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လာမည့် ဇွန် ၂၁ ရက်တွင် နိုင်လွန်ကတ္တရာလမ်း စတင်ခင်းကျင်းဆောင်ရွက်မည့် အစီအစဉ်၊ ရွှေမြင်တင်စေတီတော်ကြီးအဝင် လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် ယာဉ်ရပ်နားကွင်းတိုးချဲ့ဆောင်ရွက်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ယာဉ်ရပ်နားကွင်း တိုးချဲ့ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်နှင့် ဘုရားပရဝဏ် အတွင်း၊ အပြင် ဆေးသုတ်မွမ်းမံပြင်ဆင်မှုများကို ထပ်မံ၍ ပြုပြင်ပေးသင့်သည့်လုပ်ငန်းများအား စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ယူ-၁၆ ကစားသမားစာရင်း ထုတ်ပြန်

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် ကစားသမားစာရင်းကို ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်လူမျိုး မစ္စတာ မီတမီချီတာရူက တာဝန်ယူကိုင်တွယ်နေပြီး အာဆီယံပြိုင်ပွဲအတွက် ကစားသမား ၂၃ ဦး ရွေးချယ်ထားသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းကို ရွေးချယ်ရာတွင် ပြီးခဲ့သည့်နှစ် FIFA - MFF U-15 အထက်၊ အောက် မြန်မာပြည်ပြိုင်ပွဲမှ ခြေစွမ်းပြခဲ့သည့် ကစားသမားများ၊ ဘောလုံးအကယ်ဒမီများမှ ကစားသမားများဖြင့် ပဏာမအဆင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီးနောက် ယခုအခါ အာဆီယံပြိုင်ပွဲအတွက် ကစားသမား ၂၃ ဦးကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။

မြန်မာယူ-၁၆ အသင်းအနေဖြင့် ဇွန် ၁၉ ရက်တွင် ထိုင်းနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ဇွန် ၂၂ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် အဖွင့်ပွဲ စတင်ကစားရမည်ဖြစ်သည်။

**မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်း**
**အုပ်ချုပ်၊ နည်းပြစာရင်း**

အုပ်ချုပ်သူ-ဦးစိုးမြတ်မင်း၊ နည်းပြချုပ်-Mr. Mita Michiteru။ လက်ထောက်နည်းပြ-ဦးအောင်ဇော်မျိုး၊ ဦးမြတ်မင်းသူ၊ ဂိုးနည်းပြ-ဦးမြတ်ကိုမင်း၊ ဆရာဝန်-ဒေါက်တာကျော်သန့်ဇင်၊ မီဒီယာ- ဦးဝင်းကိုကို၊ အကြောကျွမ်းကျင်-ဦးအောင်အောင်။

**အာဆီယံ ယူ-၁၆ ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းကစားသမားစာရင်း**

ဂိုး- ထက်ဝေယံဇော်(မန္တလေးအကယ်ဒမီ၊ Nay Pyi Taw U-17 FC)၊ ရှိုင်းထက်ကျော် ( Yarmanya U-15 FC)၊ ထက်ဝေယံ ( Yangon Focus U-15 FC/ ISPE YGN)။ နောက်တန်း- အောင်သီဟ ( Rakhine United U-17 FC)၊ မြတ်မင်းကျော်၊ စိုင်းမောဝ်ဟန်၊ မျိုးခန့်ကျော် (မန္တလေးအကယ်ဒမီ)၊ အောင်သော်ခန့် (မန္တလေးအကယ်ဒမီ၊ Nay Pyi Taw U-17 FC)၊ သီဟအောင် (Soccer Care U-15 FC/ I.S.P.E MDY)၊ ကောင်းခန့်သူ (Sagaing United U-15 FC)၊ ဉာဏ်အောင် (Shan U-17 FC)။ အလယ်တန်း- သော်ဇင်ကို (ရန်ကုန်အကယ်ဒမီ၊ Su Latt Myint Mo U-17 FC)၊ ကျော်သီဟ၊ ဘေလားဖုန်ရမ်၊ ကျော်ညီညီ (မန္တလေးအကယ်ဒမီ)၊ စိုင်းစွမ်ဆိုင်၊ ခွန်မောင်လုံး၊ ခွန်အောင်ဆန်း (Shan U-17 FC)၊ စွမ်းဇာနည် (Rakhine United U-17 FC)၊ သူရမင်းသန့် (ရန်ကုန်အကယ်ဒမီ၊ Nay Pyi Taw U-17 FC)။ ရှေ့တန်း-ခန့်ဝင်းအောင်(မန္တလေးအကယ်ဒမီ)၊ မျိုးနန္ဒအောင်(မန္တလေးအကယ်ဒမီ၊ Nay Pyi Taw U-17 FC)၊ ညီညီသန့် ( Rakhine United U-17 FC)တို့ ဖြစ်သည်။ **(NGB)**







# သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန် (Value Added Product) အဆင့်မြင့်သင်တန်းဖွင့်ပွဲ ကျင်းပ



**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI တို့ ပူးပေါင်း၍ သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန် (Value Added Product) အဆင့်မြင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာ(စတုတ္ထထပ်) MRCCI ရုံးတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် MRCCI တို့မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ စီးပွားရေးရာဝန်ကြီးက သင်တန်းအဖွင့်အမှာစကားပြောကြားပြီးနောက် MRCCI အသင်း၏ဥက္ကဋ္ဌ ဦးဝင်းဌွေးက အသင်း၏ လုပ်ငန်းလုပ်ဆောင်နေမှုများနှင့် သင်တန်းများ ဖွင့်လှစ်နေမှုများကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်မျိုးမိခိုင်က သင်တန်းနှင့် သင်တန်းတွင်ပို့ချမည့်အကြောင်းအရာများကို လည်းကောင်း၊ MRCCI အသင်း၏ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားပြီးနောက် သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## ကျောက်ဆည်မြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အသိပညာဗဟုသုတများ ပြည့်စုံစေရန် ယမန်နေ့မွန်းလွဲပိုင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေးဘဝရေ့ အလားအလားနှင့် ဂုဏ်သိက္ခာတို့ကိုကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့် အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကို ဆိုလိုကြောင်း၊ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့်အလုပ်မျိုးနှင့် ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး၊ ကျောင်းတက်ရန် အခွင့်အလမ်းရွေးချယ်နိုင်မှု မရှိခြင်း၊ အချိန်မတိုင်မီ ကျောင်းမှ ထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်များကို အချိန်လွန်ကဲကြာမြင့်စွာ လုပ်ကိုင်နေရသူများသည် ကလေးအလုပ်သမားများဖြစ်ကြောင်း စသည့် အကြောင်းအရာများနှင့်ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကလေးအလုပ်သမားဖြစ်ရသည့် အကြောင်းအရင်းများ၊ ကလေး အလုပ်သမားပပျောက်ရေး ရည်မှန်းချက်တာဝန်များ အကြောင်း အသိပညာပေးဟောပြောကြသည်။

အသိပညာပေး ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်ပြပွဲများအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



## ညောင်ဦးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း(VDP) စီမံကိန်းမိတ်ဆက်

**ညောင်ဦး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ (VDP) စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင် ရွေးချယ်မှုသတ်မှတ်ချက်များနှင့် ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာ၌ စီမံကိန်းလုပ်ငန်းဖော်ဆောင်ရန် အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ညောင်ဦးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ကျေးရွာပေါင်း ၁၁ ရွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ပြောသည်။

**(၄၄၅)**

၀-၀-၀-၀-၀



သတင်း-စာမျက်နှာ ၂၄





# MFF အပျော်တမ်း ဖူဆယ်ပြိုင်ပွဲ ဇွန် ၂၂ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် ဇွန် ၁၈**

MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲကို ဇွန် ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ယှဉ်ပြိုင်ခွင့်ရမည်**

ပြိုင်ပွဲကို ငါးသင်း ၁၀ အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီမှာ ရှုံးထွက်အဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီး ပထမဆု ငွေကျပ် သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆု ငွေကျပ် ၁၅ သိန်း ချီးမြှင့်မည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် ဂွာတားဖိုင်နယ်ရောက်ရှိသည့်ရှစ်သင်းမှာ MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ဗိုလ်လုပွဲရောက်ရှိသည့် နှစ်သင်းမှာမူ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အုပ်စုမဲခွဲပွဲကို ဇွန် ၁၇ ရက်က ပြုလုပ်ခဲ့ပြီး အုပ်စု(A)တွင် Power HBI အသင်း၊ Bushido အသင်း၊ Combine Team အသင်း၊ IJ အသင်း၊ Fithouse အသင်း၊ အုပ်စု(B)တွင် 7 Brothers အသင်း၊ Futsal-94 အသင်း၊ 42 Youth Club အသင်း၊ Shadows အသင်း၊ Junior အသင်း၊ အုပ်စု(C)တွင် RE United အသင်း၊ 16/1 အသင်း၊ MST University အသင်း၊ FCT Youth အသင်း၊ Team Leo အသင်း၊ အုပ်စု(D)တွင် Jullniss အသင်း၊ King Cobra အသင်း၊ SGF Youth အသင်း၊ Team Tiger အသင်း၊ Gold Dream အသင်း၊ အုပ်စု(E)တွင် TGL အသင်း၊ ပစ်တိုင်းထောင်အသင်း၊ College အသင်း၊ Team Starboyz အသင်း၊ Champion Team အသင်း၊ အုပ်စု(F)တွင် Iconic အသင်း၊ ကြယ်စင်လင်းအသင်း၊ MSK အသင်း၊ Seven အသင်း၊ YRG Youth အသင်း၊ အုပ်စု(G)တွင် FFU Youth အသင်း၊ Warm Brothers အသင်း၊ 5 TWSP အသင်း၊ လက်ဝဲလူငယ်အသင်း၊ VUC Athletic အသင်း၊ အုပ်စု(H)တွင် Moonhead Yangon အသင်း၊ Marga အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်း၊ Gentle Guys အသင်း၊ Yankin Brotherhood အသင်း၊ အုပ်စု(I)တွင် RPG အသင်း၊ ရန်ကင်းလူငယ်အသင်း၊ Black Eagle အသင်း၊ တော်ဝန်နန်းအသင်း၊ Black Cross Youth အသင်း၊ အုပ်စု(J)တွင် Legacy အသင်း၊ Sar Bal Gyi Doh အသင်း၊ Fanatics အသင်း၊ Passion Play အသင်း၊ Future Light အသင်းတို့ ပါဝင်သည်။

**ကိုညီလေး**

# မုံရွာမြို့ပေါ်ရပ်ကွက်များအတွင်း ပြန်ပေးဆွဲရန် ကြံစည်နေသည့် အကြမ်းဖက်အဖွဲ့ဝင်များနှင့်အတူ လက်နက်များ ဖမ်းဆီးရမိ

**မုံရွာ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်ကွပ်ကဲမှု၊ မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ ကြီးကြပ်ညွှန်ကြားမှုတို့နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များသည် မုံရွာမြို့ပေါ်အတွင်း လုံခြုံကင်းများဆောင်ရွက်နေစဉ် ဇွန် ၁၇ ရက် နံနက် ၈ နာရီခွဲခန့်က ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရွှေဆိုင်များနှင့် ဘဏ်များကို ပြန်ပေးဆွဲ ခြေပြတိုက်ရန်အတွက် Mark II အမျိုးအစား ခဲရောင်မော်တော်ယာဉ်တစ်စီးဖြင့် ဝင်ရောက်လာကြောင်း သတင်းရရှိသဖြင့် လုံခြုံကင်းပတ်ကင်းများ ဆောင်ရွက်ရာ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ မေတ္တာလမ်းအရောက်တွင် ကုန်စုံဆိုင်ရှေ့မှဈေးဝယ်ပြီး ပြန်ထွက်လာသည့် မသင်္ကာလူငယ် အမျိုးသားသုံးဦးသည် YGN /RLG-8073 နံပါတ်ပါ Mark II အမျိုးအစား ခဲရောင်မော်တော်ယာဉ် တစ်စီးနှင့်အတူ တွေ့ရသဖြင့် တားဆီးစစ်ဆေးစဉ် ၎င်းလူငယ်သုံးဦးအနက် မောင်မောင်စိုး (ခ) မောင်စိုး အသက် ၂၇ နှစ် (ဘ)ဦးစိုးသိန်း ထန်းတောကြီးကျေးရွာ ဆားလင်းကြီးမြို့နယ်နေသူအား ဖမ်းဆီးရမိပြီး (အပေါ်ယာပုံ) ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ လက်လုပ်ပစ္စတိုသေနတ်တစ်လက်၊ ကျည်ဘောက်တပ်လျက် (ကျည်မပါ)၊ Redmi အနက်ရောင်



အမျိုးအစား ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကျန်လူငယ်နှစ်ဦးမှာ ထွက်ပြေးသွားသဖြင့် ပစ်ခတ်ဖမ်းဆီးရာ ဖြိုးဝေယံ(ခ)ရပ်ဆိုး အသက် ၁၉ နှစ် (ဘ)ဦးသိန်းထက် အေးသာယာရပ်ကွက် မုံရွာမြို့နေသူအား အသေဖမ်းဆီးရမိခဲ့ပြီး ကျန်တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားသည်။

ထိုစဉ် လူငယ်နှစ်ဦးမှာ YGN/RLG-8073 နံပါတ်ပါ Mark II အမျိုးအစား မော်တော်ယာဉ်ကို မောင်းနှင်လျက် ထွက်ပြေးသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့များက မော်တော်ယာဉ်နောက်သို့ ထက်ကြပ်မကွာလိုက်လံပစ်ခတ်ဖမ်းဆီးရာ မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် တိုင်းရင်းဆေးရုံ လမ်းမပေါ်အရောက် ထွက်ပြေးသွားသော မော်တော်ယာဉ်၏ ဝဲ/ယာ နောက်ဘီးနှစ်ဘီးကို ကျည်ထိမှန်သဖြင့် ကားဘီးပေါက်ကာ ရပ်တန့်သွားပြီး ၎င်းယာဉ်ပေါ်မှ လူငယ်နှစ်ဦးမှာ ကားနှင့် လက်နက်များထားကာ ထွက်ပြေးသွားကြောင်း၊ လုံခြုံရေးအဖွဲ့က ၎င်းယာဉ်ကို ဝင်ရောက်ရှာဖွေရာ ယာဉ်၏ ရှေ့ခေါင်းခန်း ဝဲဘက်ထိုင်ခုံဘေးပေါ်မှ MK-12 အမျိုးအစား မောင်းပြန်သေနတ်တစ်လက်၊ ကျည်ဘောက်တစ်ခု၊ ယာဉ်၏ နောက်ခန်း ယာဘက်ထိုင်ခုံပေါ်မှ Type 81 အမျိုးအစား မောင်းပြန် သေနတ်တစ်လက် ကျည်ဘောက် အရှည်တစ်ခု၊ ပြောက်ကျားဦးထုပ် တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိ တရားခံများကို အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

❖ ရှေ့ဖုံးမှ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့် ကဏ္ဍစုံမှ ပြည်သူများ ပါဝင်တက်ရောက်နိုင်ရေး၊ ကြိုတင်ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် မြန်မာနိုင်ငံသို့လာရောက်၍ အသေးစိတ် ထပ်မံဆွေးနွေးရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့ပြင် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်သည် ညပိုင်းတွင် ယူနန်မီဒီယာအုပ်စု (Yunnan Media Group)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး MeKong Look Application တွင် မြန်မာနိုင်ငံသတင်းများအား ဓာတ်ပုံ၊ ဗီဒီယိုများနှင့်အတူ လွှင့်တင်နိုင်ရေး၊ MRTV နှင့် YMG တို့ မီဒီယာပူးပေါင်းဖလှယ်ရေး နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးနိုင်ရေးတို့အတွက် ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ကာ YMG မှ ထုတ်လုပ်ထားသော Applications နမူနာဖိုင်များနှင့် Video Footage များ လက်ခံရယူခဲ့သည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့ ကျိုက်မရောဇဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားတစ်ဦးကို အတင်းအကျပ်အလုပ်လုပ်ခိုင်းပြီး ထိခိုက်ဒဏ်ရာရချိန် ဆေးကုသမပေးသဖြင့် ထောင်ဆူပူမှုဖြစ်ပွားဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**မော်လမြိုင် ဇွန် ၁၈**

မော်လမြိုင်မြို့ ကျိုက်မရောဇဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသားတစ်ဦးကို အတင်းအကျပ်အလုပ်လုပ်ခိုင်းပြီး ထိခိုက်ဒဏ်ရာရချိန် ဆေးကုသမပေးသဖြင့် ထောင်ဆူပူမှုဖြစ်ပွားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ ခေတ်သစ်က မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ်အကျဉ်းဦးစီးဌာန၏ ပြောကြားချက်အရ ကျိုက်မရောအကျဉ်းထောင် အမျိုးသမီးဆောင်နှင့် ဆေးရုံဆောင်ကြားရှိ ခြားရိုးကို ဟင်ဂလန်တိုင်ထောင်၍ အမိုးသွပ်ဖြင့် ကာရံမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိခိုက်ဒဏ်ရာရရှိသည်ဟုဆိုသည့် အကျဉ်းသားအား ခိုင်းစေခြင်းလုံးဝမရှိခဲ့ကြောင်း၊ ခြားရိုး ကာရံခြင်းလုပ်ငန်းများ သိမ်းဆည်း၍ ငြမ်းဖြုတ်ရန် သံကိုင်းအပေါ်သို့မြှောက်စဉ် အကျဉ်းထောင်အတွင်း လမ်းမီးလျှပ်စစ်ကြိုးဖြင့် ထိမိပြီး အကျဉ်းသားသည် အမြင့်မှပြုတ်ကျကာ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အကျဉ်းထောင်ဆေးရုံအုပ်နှင့် ဆရာဝန်များက ချက်ချင်းဆေးကုသမှုများ ပြုလုပ်ပေးပြီး အချိန်နှင့်တစ်ပြေးညီ ဆေးရုံကြီးသို့ပို့ဆောင်ပေးကာ လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တရားမဝင်ခေတ်သစ်မီဒီယာသည် အခြေအမြစ်မရှိသော သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိရာ ကျိုက်မရောဇဟိုအကျဉ်းထောင်ဝန်ထမ်းများက ထိခိုက်ဒဏ်ရာရအကျဉ်းသားအား လိုအပ်သည့်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့မှုများအပေါ် အများပြည်သူအထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ထိတ်လန့်စေရန်အတွက် ကောလာဟလသတင်းများကို ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ


## 29 th Shanghai TV Festival Magnolia Awards တွင် War of Faith ဆန်ခါတင်ဝင် ၊ အကောင်းဆုံးသရုပ်ဆောင် Wang Yang ဖြစ်နေ

တရုတ်အနုပညာလောကမှ 29 th Shanghai TV Festival Magnolia Awards တွင် War of Faith သည် ဆန်ခါတင်ဆု ငါးဆု စာရင်းဝင်ခဲ့ရာ အကောင်းဆုံးသရုပ်ဆောင်ဆုရှင်မှာ ဝမ်ယန်း ဖြစ်နေ၍ ပရိသတ်ဝေဖန်သံများ ပေါ်ထွက်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါရုပ်ရှင်သည် အကောင်းဆုံးရုပ်သံဇာတ်လမ်းဆု၊ ဒါရိုက်တာဆု၊ ဇာတ်ပုံဆု၊ အနုပညာဆုနှင့် သရုပ်ဆောင်ဆု ငါးဆု ဆန်ခါတင် စာရင်းဝင်ခဲ့ရာ ဝမ်ရိဘိုမဟုတ်ဘဲ ဝမ်ယန်းဖြစ်နေ၍ ပရိသတ်ကြား ဝေဖန်မှုများ ပြင်းထန်ခဲ့ကြသည်။

ဝမ်ရိဘိုက ယင်းဒရမ်မာဇာတ်ကားကို ပြိုင်ဖက်မရှိ ဦးဆောင်သူ၊ ဇာတ်ကားတစ်ခုလုံးကို သယ်ဆောင်သွားသူ၊ ဇာတ်ဝင်ခန်းတိုင်း ပရိသတ် ရင်ထဲရောက်ခဲ့ပြီး သူ့ပြောစကားများကို ပြည်တွင်း ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဌာနက ကြော်ငြာပရိုမိုးရှင်းဆင်းခဲ့ပြီး လမ်းညွှန်ကြော်ငြာများနှင့် ခရီးသွားလာမှုအမြင့်ဆုံးဖြစ်ခဲ့သူဖြစ်သော်လည်း အသက် ၂၆ နှစ်သာရှိသေး၍ ထိုဆု Magnolia ဆန်ခါတင် သရုပ်ဆောင်ဆုရှင်ပေါင်းများစွာမှာ အသက်အငယ်ဆုံး ၄၁ နှစ်ဖြစ်၍လားဟု မေးခွန်းထုတ်ထားကြသည်။ (SKY)



## လူ့ပတ်ဝန်းကျင်မှ မမြင်ရသောပလတ်စတစ်မှုန်များ အူထဲမှတစ်ဆင့် ဦးနှောက်ထဲအထိ ရောက်ရှိလာနိုင်

ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင် ပလတ်စတစ်ပစ္စည်းများကို အနည်းနှင့်အများ အသုံးပြုနေကြသည်။

၎င်းတို့နှင့်ဆက်နွယ်နေသော ပလတ်စတစ်အမှိုက်များသည် ရေထုနှင့်မြေထုကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့်အပြင် ပကတိမျက်စိဖြင့် မမြင်အပ်သော ပလတ်စတစ်အမှုန်များကလည်း လူတို့ကို ဘေးဥပါဒ်ပေးနိုင်သည်။

လူ့ပတ်ဝန်းကျင်မှ မမြင်ရသောပလတ်စတစ်မှုန်များအကြောင်းကို အမေရိကန်ပြည်ထောင်စု၊ နယူးမက္ကဆီကိုတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ အယ်လီစီယိုကာစတီလို ဦးဆောင်သော သုတေသီများ မကြာသေးမီက လက်တွေ့စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ရေထဲ၊ အစားအစာထဲမှ ပလတ်စတစ်မှုန်များသည် အူထဲမှတစ်ဆင့် ဦးနှောက်ထဲအထိ ရောက်ရှိလာနိုင်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်းသိရသည်။(Mon)

## Han So Hee ကိန်းရုပ်ရှင်ပွဲတော်သို့ Boucheron သံတမန်အဖြစ်တက်ခဲ့



တောင်ကိုရီးယားအနုပညာလောကတွင် ဝေဖန်အခံရဆုံး မင်းသမီးဟန်ဆိုဟီးသည် အောက်ခြေမှ အနုပညာလောကသို့ တက်ရောက်လာခဲ့ပြီး ကိန်းရုပ်ရှင်ပွဲတော်ကို Boucheron သံတမန်အဖြစ် မြင်တွေ့ရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟန်ဆိုဟီးမှာ ငယ်စဉ်က စိတ်ဒဏ်ရာရရှိခဲ့သူဖြစ်ကာ မိဘနှစ်ပါးစွန့်ပစ်ခံရပြီး အဘွားနှင့်ကြီးပြင်းခဲ့ရ၍ စိတ်လုံခြုံမှုရှိရန် လွတ်လပ်စွာ နေထိုင်ပြောဆိုခဲ့သည့်အပြုအမူကို ပရိသတ်များ ဝေဖန်ထားကြသည်။

ဟန်ဆိုဟီးသည် ဘဝကို အရှုံးမပေး၊ ဝေဖန်မှုများကိုမမှုရင်ဆိုင်ကျော်ဖြတ်၍ အနုပညာလောကသို့ အောက်ခြေမှ စတင်ဝင်ရောက်၍ တဖြည်းဖြည်းချင်း တက်လှမ်းလာခဲ့သူဖြစ်သည်။

သူပါဝင်ထားသည့် ဇာတ်ရုပ်များတွင် အနုပညာအစွမ်းကို အိတ်သွန်ချပြလေ့ရှိပြီး လက်ရှိ ကိန်းရုပ်ရှင်ပွဲတော်သို့ Boucheron အနုပညာသံတမန်အဖြစ် အဖြူရောင်ဖက်ရှင်စတိုင်လ်နှင့် တက်ရောက်ခဲ့ရာ နတ်သမီးတစ်ပါးကဲ့သို့ မြင်တွေ့ကြရသည်။ (SKY)

## ဥရောပနာမည်ကြီး လက္ခဏာဆရာ Cheiro ကို အခြေခံထားသည့် Radhe Shyam ရုပ်ရှင်ဖြစ်


ဘောလီဝုဒ်ရုပ်ရှင် Radhe Shyam မှာ ဥရောပလက္ခဏာဆရာ Cheiro အကြောင်း အခြေခံရိုက်ကူးထားပြီး ဥရောပတွင် ဇာတ်အိမ်တည် ရိုက်ကူးထားသည်ဟု ဘောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်တွင် အချစ်နှင့်ကံကြမ္မာအားပြိုင်မှုကို တင်ပြထားရာ လက်တွေ့အချက်အလက်များကိုသာ ယုံကြည်သည့် ဆရာဝန်မလေးနှင့် ဗေဒင်လက္ခဏာဆရာလေးတို့အကြောင်း ဖန်တီးရိုက်ကူးထားသည်။

ကပွဲတစ်ခုတွင် မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ကြသည့် ဆရာဝန်မလေးနှင့်ဗေဒင်လက္ခဏာဆရာတို့၏ ယုံကြည်ချက်မှာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်နေရာမှ ဆရာဝန်မလေးတွင် ရှားပါးသော အကျိတ်ရောဂါရရှိခဲ့ရာမှ အသက်ရှင်ရန် လပိုင်းသာ ကျန်ချိန်၊ အချစ်ရေးလမ်းကြောင်းမပါသော လက္ခဏာဆရာလေးနှင့် ဆက်နွယ်ပုံကို စိတ်ဝင်စားဖွယ် တင်ပြထားသည်။

နောက်ခံတေးဂီတကို Telugu နှင့် Hindi ဗားရှင်း နှစ်မျိုးနှင့် ဖန်တီးထားပြီး ဥရောပတစ်ခွင် ရိုက်ကူးတင်ဆက်ထားသည်။ (SKY)



## Big Bang အဖွဲ့ဝင်ဟောင်း Top လကမ္ဘာခရီးစဉ် ဖျက်သိမ်းခံရ

ဘစ်ဘန်းအဖွဲ့ဝင်ဟောင်း တော့ပ်သည် လကမ္ဘာခရီးစဉ်အတွက် နှစ်ရှည်စီမံကိန်းချမှတ်ခဲ့ပြီး ပြင်ဆင်ခဲ့ရာမှ space trip ခရီးစဉ်ဖြစ်သည့် Dear Moon Project ဖျက်သိမ်းကြောင်း ကြေညာချက်ထွက်ပေါ်လာခဲ့သည်။

အဆိုပါ ခရီးစဉ်မှာ တော့ပ်၏အိပ်မက်တစ်ခုဖြစ်ခဲ့ပြီး နောက်ဆုံးထွက်ရှိထားသည့် အဖွဲ့ဝင်လေးဦးနှင့် ဂီတအယ်လ်ဘမ်တွင် တော့ပ်က လကမ္ဘာဝတ်စုံနှင့် ဖျော်ဖြေခဲ့သည်ကို တွေ့ရသည်။

ပရိသတ်များကလည်း တော့ပ်နှင့် လကမ္ဘာခရီးစဉ်ကို အတူတွဲ၍ စောင့်မျှော်နေကြရာမှ ယင်းပရောဂျက်ဖျက်သိမ်းလိုက်သည့်သတင်းထွက်ပေါ်လာ၍ တော့ပ်နှင့်အတူ စိတ်မကောင်းဖြစ်နေကြသည်။ (SKY)

## BTS မှ Sugar @ Min Yoongi က ၁၁ နှစ်ပြည့် အမှတ်တရစကားပြောကြားထား

ဘီတီအက်စ်အဖွဲ့ ၁၁ နှစ်ပြည့်နှစ်ပတ်လည်တွင် အဖွဲ့ဝင်များအားလုံး သင်တန်းတက်ရောက်နေပြီး စကားလက်ဆောင်ပါးထားကြရာ ဆူဂါ(ခေါ်)မင်ယောင်ဂီလည်း အမှတ်တရစကား ပြောကြားပေးထားပြီး အဖွဲ့ဝင် ဂျင်က ကျင်းပပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆယ်နှစ်ပြည့်နှစ်ပတ်လည်တွင် အဖွဲ့ခေါင်းဆောင်အာရ်အန်က နောက်နှစ်၏ ကွက်လပ်ကို ဂျင်က ဖြည့်ပေးပါလိမ့်မည်ဟု ပြောကြားထားရာ ဇွန် ၁၃ ရက်တွင် 2024 FESTA in person Even တွင် သင်တန်းပြန်ဂျင်က ပရိသတ်များနှင့်တွေ့ဆုံ၍ ပေါ့ပါးနွေးထွေးစွာနှင့် တစ်ကိုယ်တော်ဖျော်ဖြေပွဲ ပြုလုပ်ခဲ့သည်။



အဖွဲ့ဝင်များက အမှတ်တရစကားများပြောကြားထားကြရာ ဆူဂါက ပရိသတ်များနှင့်အတူ ရှိမနေပေးနိုင်၍ နောင်တရခြင်း၊ ဝမ်းနည်းခြင်းများဖြစ်ရန် မလိုရခြင်းမှာ ပရိသတ်နှင့်အတူ ရှိခွင့်ရတိုင်း ပွဲဦးထွက်သကဲ့သို့ ခံစားရ၍ 'မင်းတို့တွေ ငါတို့ကို စတင် ရှာတွေ့တဲ့နေ့က ငါတို့ရဲ့ ပွဲဦးထွက်တဲ့နေ့ပါ'ဟု ပြောကြားထားသည်။ (SKY)



## WuLei က နီတျာအဖြစ် The Legend and the heroes တွင် ပါဝင်ထား

တရုတ်နိုင်ငံကလေးများနေ့တွင် ဝူလိန်ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ထားသည့် ဇာတ်ကားများ ပြသခဲ့ရာ နီတျာအဖြစ်နှင့် The Legend and the heroes မှာ လူကြိုက်များခဲ့သည်။

ဝူလိန်ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ထားသည့် ရုပ်သံဇာတ်လမ်းတွဲများမှာ ပေါင်ချိန်အမှုတွဲ(၁)၊ နီတျာ(The Legend and the heroes)၊ The Sword and the chess of death စသည်တို့ဖြစ်ပြီး တရုတ်နိုင်ငံကလေးများနေ့တွင် ပြသခဲ့ကြသည်။

ပြည်ချစ်ညီငယ်လေးဟု ဆိုသည့် ဝူလိန်သည် ကလေးသရုပ်ဆောင်ဘဝနှင့် ပါးဖောင်းဖောင်း၊ နှုတ်ခမ်းစူစူလေးစကားပြောချစ်စရာကောင်း၍ ပရိသတ်အချစ်တော်လည်း ဖြစ်ခဲ့သည်။ (SKY)

*****

# အစ္စရေး၏ စစ်ရေးဆောင်ရွက်မှု ရာဖာ၌ ရပ်တန့်ခြင်းမရှိ၊ ကုလသမဂ္ဂမှ ဖီးလစ်လာဇာရီနီ အတည်ပြုပြောကြား



**ဝါရှင်တန် ဇွန် ၁၈**

အစ္စရေးတပ်ဖွဲ့များ၏ စစ်ဆင်ရေးဆောင်ရွက်မှုသည် ဂါဇာကမ်းမြောင်ဒေသရှိ ရာဖာမြို့တစ်ဝန်း၌ ရပ်တန့်ခြင်းမရှိဟု ကုလသမဂ္ဂ ပါလက်စတိုင်းဒုက္ခသည်များထောက်ပံ့ရေးအဖွဲ့အစည်း အကြီးအကဲဖြစ်သူ ဖီးလစ်လာဇာရီနီ ဇွန် ၁၈ ရက်တွင် အတည်ပြုပြောကြားကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

လူသားချင်းစာနာထောက်ပံ့ရေးယာဉ်တန်းများ ဖြတ်သန်းသွားလာနိုင်စေရန်အတွက် မိမိတို့၏ စစ်ရေးဆောင်ရွက်ချက်ကို နေ့စဉ် ခေတ္တရပ်တန့်ပေးမည်ဟု ဇွန် ၁၆ ရက်တွင် အစ္စရေးစစ်တပ်က ထုတ်ပြန်ကြေညာခဲ့သော်လည်း အမှန်တကယ်၌ ရပ်တန့်ခြင်းမရှိကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

စစ်တပ်က တိုက်ခိုက်မှုများကို ရပ်တန့်ပေးလိုသော်လည်း အစ္စရေးအစိုးရဘက်က ရပ်တန့်ပေးလိုခြင်းမရှိသဖြင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။

အစ္စရေးခြေလျင်တပ်ဖွဲ့များသည် ရာဖာမြို့အလယ်ပိုင်းနှင့် အနောက်ပိုင်းသို့ ရက်ပိုင်းအတွင်း ပိုမိုအင်အားတိုးမြှင့်ထိုးစစ်ဆင်လျက်ရှိကြောင်း သိရသည်။

Mon

0-0-0-0-0

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက် စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်



**စင်ကာပူ ဇွန် ၁၈**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက် ဇွန် ၁၈ ရက်က စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းသည် ကမ္ဘောဒီးယားဝန်ကြီးချုပ်အဖြစ် အာဏာရလာပြီးနောက် ပထမဆုံးအကြိမ် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

နှစ်ရက်ကြာ ယင်းအလည်အပတ်ခရီးစဉ်အတွင်း ဝန်ကြီးချုပ် ဟွန်မာနက်သည် စင်ကာပူသမ္မတ၊ ဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီးတို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

Mon






ဇွန် ၁၇ ရက်က ကျင်းပသော ဟောင်ကောင်-ပေကျင်း- ရှန်ဟိုင်း ခရီးသည်တင် အထူးအမြန်ရထားဖွင့်ပွဲ၌ အမှတ်တရဓာတ်ပုံ ရိုက်နေကြစဉ်။

Mon

# ကျူးဘားနိုင်ငံရောက် ရုရှားစစ်သင်္ဘောအုပ်စု ဟာဗားနားဆိပ်ကမ်းမှ ဌာနေသို့ ပြန်လည်ထွက်ခွာ

**ဟာဗားနား ဇွန် ၁၈**

ကျူးဘားနိုင်ငံရောက် ရုရှားစစ်သင်္ဘောအုပ်စု ဇွန် ၁၇ ရက်တွင် ဟာဗားနားဆိပ်ကမ်းမှ ဌာနေသို့ ပြန်လည်ထွက်ခွာသွားရာ ကျူးဘားပရိသတ် ရာနှင့်ချီ၍ ရုရှားအလံငယ်များ ဝှေ့ယမ်းကာ နှုတ်ဆက်ခဲ့ကြကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့ မထွက်ခွာမီက ရေတပ်ဗိုလ်ချုပ် ဂေါ်ရှကော့ဗ်ဖရီးဂိတ်သင်္ဘောကြီးပေါ်သို့ ကျူးဘားသမ္မတ မီဂဲဒိုင်ယာ့ဇ်ကနဲလ် သွားရောက်လည်ပတ်ကာ တာဝန်ကျအရာရှိများ၊ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယင်းဖရီးဂိတ်သင်္ဘောကြီးနှင့် နျူကလီးယားစွမ်းအင်သုံးကာဇန်ရေငုပ်သင်္ဘောနှစ်စင်းသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ စစ်ရေးလေ့ကျင့်ပြီးမှ ကျူးဘားသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

ရုရှားစစ်သင်္ဘောအုပ်စု ကျူးဘား၌ရှိနေစဉ် အမေရိကန်ရေတပ်က ယူအက်စ်အက်စ်ဟယ်လင်နာ ရေငုပ်သင်္ဘောကို ဂွမ်တာနာမိုပင်လယ်အော်တွင် ဆိုက်ကပ်ထားစေခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0






# အင်တာနက်လူမှုကွန်ရက်များ၏ ဆိုးကျိုးကြောင့် လူငယ်များ စိတ်ကျန်းမာရေး ထိခိုက်လာစေနိုင်

**ဝါရှင်တန် ဇွန် ၁၈**

အင်တာနက်လူမှုကွန်ရက်များ၏ ဆိုးကျိုးကြောင့် လူငယ်များ စိတ်ကျန်းမာရေး ထိခိုက်လာစေနိုင်သည်ဟု အမေရိကန်သမားတော်ချုပ် ဒေါက်တာဗီဗက်မာဖီက ဇွန် ၁၇ ရက်တွင် နယူးယောက်တိုင်းမ်စ်သတင်းစာ၏ သဘောထားအမြင်ကဏ္ဍတွင် ရေးသားတင်ပြခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်ဟု သတိပေးသကဲ့သို့ အင်တာနက်လူမှုကွန်ရက်များသည် ဆယ်ကျော်သက်လူငယ်များ၏ စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟု သတိပေးရန် လိုအပ်နေပြီဟု ၎င်းက ထောက်ပြသည်။

ထိုလိုအပ်ချက်နှင့် ပတ်သက်၍ ကွန်ဂရက်လွှတ်တော်သို့ တင်ပြဆွေးနွေးရန်အထိ ဒေါက်တာမာဖီက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

Mon

STOP AIDS

# အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု စစ်ကာလ ခြောက်ဦးအစိုးရကို ဖျက်သိမ်းလိုက်ပြီ

**ဂျေရုဆလင် ဇွန် ၁၈**

အစ္စရေးစစ်ကာလ ခြောက်ဦးအစိုးရကို ဖျက်သိမ်းလိုက်ပြီဟု ဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု ဇွန် ၁၇ ရက်တွင် အတည်ပြုကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အလယ်အလတ်ဝါဒီ အတိုက်အခံခေါင်းဆောင် ဗိုလ်ချုပ်ကြီးဟောင်း ဘင်နီဂန့်ဇ်နှင့် ၎င်း၏ နိုင်ငံရေးမဟာမိတ် ဂါဒီအိုင်စင်ကော့တို့ နှစ်ဦး နုတ်ထွက်သွားပြီးနောက် အဆိုပါ စစ်ကာလအစိုးရအဖွဲ့ကို ၎င်းက ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။

ဂါဇာစစ်မက်နှင့် ပတ်သက်၍ နိုင်ငံရေးသဘောထားချင်းမတိုက်ဆိုင်သဖြင့် ထိုသို့ နုတ်ထွက်ကြခြင်းဖြစ်သော်လည်း စစ်ဘက်ဆိုင်ရာကွပ်ကဲမှုအပေါ် အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ကြောင်း အစ္စရေးစစ်ဘက်ဆိုင်ရာပြောခွင့်ရသူ ဒေးဗစ်မင်ဆာက ရှင်းပြသည်။

ဘင်နီဂန့်ဇ်၏ တောင်းဆိုမှုအရ ထိုစစ်ကာလအစိုးရကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ ၎င်းနုတ်ထွက်သွားပြီးနောက် ဖျက်သိမ်းလိုက်ရုံသာရှိတော့ကြောင်း ၎င်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

Mon



# နိုင်ငံကူးပြောင်းသူများ၏ လှေနှစ်စင်း နစ်မြုပ်မှုဖြစ်ပွား၊ လူ ၁၁ ဦးထက်မနည်း သေဆုံးပြီး ၆၀ ဦး ပျောက်ဆုံးနေ

**ရောမ ဇွန် ၁၈**

အီတလီနိုင်ငံတောင်ဘက်ကမ်းရိုးတန်းအလွန်တွင် မကြာသေးမီက နိုင်ငံကူးပြောင်းသူများ၏ လှေနှစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ လူ ၁၁ ဦးထက်မနည်း သေဆုံးပြီး ၆၀ ဦး ပျောက်ဆုံးနေသည်ဟု နယ်စည်းမခြားဆရာဝန်များအဖွဲ့အစည်းက သတင်းထုတ်ပြန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်ရက်တည်းတွင် နှစ်နေရာခွဲပြီး ဖြစ်ပွားခဲ့သော အဆိုပါလှေနှစ်စင်း နစ်မြုပ်မှုကြောင့် ပျောက်ဆုံးနေသူများထဲတွင် ကလေးသူငယ် ၂၆ ဦး ပါဝင်ကြောင်း အဆိုပါအဖွဲ့အစည်းပြောခွင့်ရသူက ဆိုသည်။

ဆီးရီးယား၊ အီဂျစ်၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်မှ နိုင်ငံကူးပြောင်းသူများ စီးနင်းလိုက်ပါလာခဲ့သော ထိုလှေနှစ်စင်းသည် လစ်ဗျားနှင့် တူရကီ နှစ်နိုင်ငံမှ ထွက်ခွာလာခဲ့ပြီး အီတလီရေပိုင်နက်အတွင်းရှိ လမ်ပေဒူဆာကျွန်းအနီးတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းများက သတင်းထုတ်ပြန်သည်။

၂၀၁၄ ခုနှစ်မှ ယခုနှစ်အထိ ဤရေလမ်းခရီးတစ်လျှောက် နိုင်ငံကူးပြောင်းရန် လှေစီးလာကြသူများအနက် လူပေါင်း ၂၃၅၀၀ ဦးကျော် သေဆုံး၊ ပျောက်ဆုံးသွားခဲ့ကြကြောင်း ကုလသမဂ္ဂ အချက်အလက်များအရ သိရသည်။

Mon



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## နောင်ချိုမြို့တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နောင်ချို ဇွန် ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဇွန် ၁၆ ရက် ညနေ ၄ နာရီခွဲက နောင်ချိုမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မမီမီထွန်း မောင်းနှင်ပြီး မဥမ္မာဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော လက်ဆွဲခြင်းအတွင်းမှ ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ အလေးချိန် ၂၂၀ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မမီမီထွန်း ၄၉ နှစ်နှင့် မဥမ္မာဦး ၃၅ နှစ် တို့အား နောင်ချိုမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ရှာင်မြို့နယ်တွင် ဘိန်းဆီခဲများ ဖမ်းဆီးရမိ

**ရှာင် ဇွန် ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇွန် ၁၃ ရက် မွန်းလွဲ ၂ နာရီ ၂၀ မိနစ်က ရှာင်မြို့နယ်၊ မြို့ကြီးကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ရှာင်ဘက်မှ ဟဲမြင့်မိုရ်ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် စိုင်းစံလှ သယ်ဆောင်လာသည့် ပလတ်စတစ်ပုံးများအတွင်းမှ ဘိန်းဆီခဲ အလေးချိန် ၂၂ ဒသမ ၀၈ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းစံလှ ၃၅ နှစ်အား ရှာင်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ဆီဘောက်ဆာယာဉ်လမ်းချော်၍ တိမ်းမှောက်မှု ဖြစ်ပွား

**ကျိုင်းတုံ ဇွန် ၁၈**

ရှမ်းပြည်နယ်၊ကျိုင်းတုံမြို့နယ်၊ ယန်းခအုပ်စု၊ ပန်းတောင်းရွာအနီး၊ မိုင်တိုင်အမှတ်(၃၁/၄) နှင့် (၃၁/၅)ကြားတွင် ဇွန် ၁၆ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်က တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ မောင်းနှင်လာသော Cheng Long အမျိုးအစားခဲရောင် ၂၂ ဘီး ဆီဘောက်ဆာယာဉ်သည် လမ်းချော်၍ လမ်း၏ညာဘက်ခြမ်းသို့ တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ကျိုင်းတုံမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးလောင်မှုမဖြစ်ပွားစေရေး အအေးပေးခြင်းလုပ်ငန်းများ ထွက်ခွာဆောင်ရွက်ပေးခဲ့သည်။

တိမ်းမှောက်နေသော ဆီဘောက်ဆာယာဉ်မှ စက်သုံးဆီများ ကဲ့ခြင်းလုပ်ငန်းနှင့် တိမ်းမှောက်နေသောယာဉ်အား တည့်မတ်ခြင်း လုပ်ငန်းများအား ည ၁၁ နာရီ ၄၅ မိနစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၅)

## တာချီလိတ်မြို့တွင် စိတ်ပြောင်းဆေးဝါးကက်တမင်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၄ ရက် ညနေ ၅ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဝမ်မိုင်ကွက်သစ်တွင် စိုင်းနော်ဆိုင်လိန် မောင်းနှင်လာသည့် NISSAN X-TRAIL အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးကက်တမင်း အလေးချိန် ၂ ကီလိုနှင့် လက်ကိုင်ဖုန်း ၁ လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းနော်ဆိုင်လိန်(၂၀)နှစ်အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိသည်။ (အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ဝမ်းတွင်းမြို့နယ်တွင် ငရုတ်ပွဲရုံမီးလောင်မှု ဖြစ်ပွား

**ဝမ်းတွင်း ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာရှိ ငရုတ်ပွဲရုံတွင် ဇွန် ၁၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဝမ်းတွင်းမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၂ စီး မီးသတ်ရေသယ်ယာဉ်တစ်စီး သန္နေမီးသတ်တပ်ဖွဲ့ဝင်များ ထွက်ခွာငြိမ်းသတ်ရာ ည ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(ယာပုံ)

**မောင်ပြည်သူ(မန္တလေး)**

*-*-*-*-*



## အမှတ်(၁)ရပ်ကွက်၊ အေးစေတီလမ်းတွင် သစ်ပင်လဲကျမှု ဖြစ်ပွား

**မင်းဘူး ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အေးစေတီလမ်း၊ သစ်ထုတ်လုပ်ရေးနှင့် ဆည်မြောင်းရုံး အဝင်ပေါက်တွင် ဇွန် ၁၄ ရက် နံနက် ၉ နာရီ ၄၈ မိနစ်ခန့်က အမြင့် ပေ ၅၀၊ လုံးပတ် ၇ ပေခန့်ရှိ တမာပင်သည် မိုးရွာသွန်းမှုကြောင့် ပင်စည်ဆွေးမြေ့ကာ လဲကျလမ်းပိတ်ဆို့မှုဖြစ်ပွားနေကြောင်းသတင်းရရှိသဖြင့် မင်းဘူးခရိုင် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၂၀ မိနစ်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုနှင့် ပစ္စည်းပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*



## မန္တလေး-ပြင်ဦးလွင် အဆင်းလမ်း ယာဉ်တိမ်းမှောက်

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်-မန္တလေးအဆင်းလမ်း မိုင်တိုင်အမှတ် ၂၅ အနီးတွင် ဇွန် ၁၅ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်က ပြောင်းများ တင်ဆောင်လာသော တွဲယာဉ် တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်မြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ရတနာပုံ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး သန္နေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ ယာဉ်ပေါ်ပါ အမျိုးသား ၃ ဦး ထိခိုက်ဒဏ်ရာ( မစိုးရိမ်ရ)တို့အား ပြင်ဦးလွင်မြို့နယ် သန္တိသုခလူမှုကူညီရေးယာဉ်ဖြင့် ပြင်ဦးလွင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ (ဝဲပုံ)

(ဝ၄၅)



# ပညာ၏ ချိုမြိန်သော အရသာ

အိုးဝေ(မြေနီကျင်း)

ဘုရင်သုဒဿနာ၏ ညီလာခံတွင် ကျင်းပခဲ့သည့် ပညာရှင်များနှင့် တွေ့ဆုံပွဲသည် လိုသလောက် ခရီးမပေါက်ဖြစ်နေ၏။ ထို့ကြောင့် နန်းရင်ပြင်သို့ ရောက်နှင့်နေကြကုန်သော နေပြည်တော်တစ်ခွင်မှ ပညာရှိအပေါင်းတို့သည်၊ စာပေကျမ်းဂန်တို့ကို မသင်ကြားဘဲ လမ်းလွဲလိုက်နေကြသူ သားတော်များအား အဘယ်မည်သော ပညာဖြင့် စွမ်းဆောင်နိုင်ပါသနည်း၊ နောင်တစ်ချိန်တွင် အုပ်ချုပ်မည့် သားတော်များ ရာဇမွေနှင့်အညီ အရည်အသွေးကောင်းများ ကိန်းအောင်းနိုင်နေစေရန် အဘယ်မည်သော သင်ရိုးနည်းစနစ်များဖြင့် ညွှန်ကြားနိုင်ပါသနည်း၊ ဤတာဝန်ကြီးနှစ်ရပ်ကို အဘယ်သူသည် ရယူဆောင်ကြဉ်းပေးနိုင်မည်နည်းဟု မိန့်တော်မူ၏။ ယင်းတို့အတွက် ပြည့်စုံလုံလောက်သောအဖြေကား မထွက်နိုင်ဘဲရှိနေ၏။ နောက်ဆုံး မင်းကြီးသည် ပြတ်သားသောစကားကို မိန့်ဆိုလိုက်သည်။

" ပညာရှိအပေါင်းတို့ ဆရာထံမှ ပညာမသင်ယူသူသည် တိတ်တိတ်ပုန်းယောကျ်ားနှင့်ရသောသားကဲ့သို့ ပရိသတ်အလယ်တွင် မတင့်တယ်ချေ။ ရွှေနှင့်ပေါင်းဖက်မိခြင်းကြောင့် ဖန်သည် မြရောင်ထွက်လာသကဲ့သို့ ဆရာကောင်းပညာရှိနှင့် ပေါင်းဖက်မှသာ လူမိုက်သည် လူကောင်းလူလိမ္မာ ဖြစ်လာနိုင်၏။ ပိုးကောင်သည် ပန်းပွင့်နှင့်အတူ ရှိနေခြင်းကြောင့် ဦးခေါင်းထက်သို့ ရောက်ရ၏။ အတတ်ပညာကိုမသင် ဟော့ရမ်းကာ အချိန်ကုန်နေကြသည့် သားတော်များသည်လည်း ရွှေနှင့်တူသော၊ ပန်းပွင့်နှင့်တူသော၊ ဆရာကောင်းပညာရှိကို ဆည်းကပ်မှ လူကောင်းလူ့ချွန်များ ဖြစ်လာနိုင်ပါ၏။ သို့ဆိုလျှင် ကျွန်ုပ်သားများ အဘယ်သို့သောပညာ၊ နည်းနိဿယများဖြင့် အဘယ်သူက တာဝန်ယူသင်ကြားပေးနိုင်ပါမည်နည်း။ သင်တို့ထဲမှ မရှိတော့ပြီလား ဤတာဝန်ကို ဆောင်ကြဉ်းပေးနိုင်သူ ရှိခဲ့လျှင် ကျွန်ုပ်ရှေ့၌ ဝင်ရောက်ခစားပါလေတော့'၊ ထိုအခါ ပညာရှိကြီးများ ညီလာခံသည် မီးကိုရေဖြင့် သတ်လိုက်သည့်ပမာ ရုတ်ခြည်းငြိမ်သက်သွားလေ၏။ တစ်ဦးမျက်နှာ တစ်ဦးကြည့်၍ တစ်စုံတစ်ရာကို ငံ့လင့်နေကြ၏။

ထိုစဉ် ညီလာခံ၏ နောက်ဆုံးနေရာမှ တစ်ဦးသည် ရုတ်တရက်ထကာ ရှေ့တော်မှောက် တစ်လှမ်းချင်း ထွက်လာ၏။ ပညာရှိပရိသတ်ကြားမှ အသံနှင့်အတူ "အို …ဝိဏျုသမ္မ ဆရာကြီးပါကလား" "အရှင်မင်းကြီး ရွှေနားတော်ပန်ဆင်တော်မူပါ၊ ယခင်အခါက ကျွန်ုပ်သည် တက္ကသိုလ်ပြည်က ဒိသပါမောက္ခဆရာကြီး ဝိဏျုသမ္မလို့ လူသိများခဲ့ပါသည်။ ဆံဖြူသွားကျိုးဇရာဆိုးက နှိပ်စက်ဖိစီးလာသည့်အတွက် ပညာသင်ပေးခြင်း အလုပ်ကို စွန့်လျက် မကြာမီ ရောက်လာမည့် နေဝင်ချိန်ကို ငံ့လင့်စောင့်ကြိုနေသူလည်း ဖြစ်ပါသည်။' 'ကြံ့တို့မည်သည် မည်မျှကြိတ်ဝါးထားပြီး ဖြစ်သော်လည်း ချိုမြိန်ခြင်းဟူသော အရသာကို စွန့်ရိုးထုံးစံမရှိပါ။' 'ယခု ကျွန်ုပ်သည်လည်း လေ့ကျင့်တတ်အပ်ထားသည့် အတတ်ပညာကို မစွန့်နိုင်သည်ဖြစ်၍ ဤညီလာခံသို့ မပင့်မဖိတ်ဘဲ ရောက်လာရခြင်း ဖြစ်ပါသည်။ ဤအတွက် အပြစ်ရှိက ခွင့်လွှတ်တော်မူပါ'ဟု လျှောက်ထား၏။ ဆက်လက်၍ 'မင်းကြီး၏ သားတော်များသည် နေမျိုးနေနွယ်များမှ ဆင်းသက်လာသူ မဟာဆီမဟာသွေးများ ဖြစ်ကြပါသည်။ဤဇမ္ဗူဒိပ်ကျွန်းတွင် အသက်ရှင်နေ၍ အဘယ်အကျိုးရှိအံ့နည်း အရှင့်သားတော်များ၏ ဘဝကို ပုံသွင်းသူ၊ အမှန်လမ်းပြသူ၊ ပညာကိုသင်ကြားသူ၊ ကိုယ်စိတ်နှလုံးနူးညံ့သိမ်မွေ့အောင် ဆုံးမသူ၊ အထွတ်အထိပ်သို့ ပို့ဆောင်သူအဖြစ် ဝမ်းမြောက်စွာ ခံယူပါမည်၊ ကြောင်းကြကင်းစွာ နေတော်မူပါလော့'ဟူသော အသံသည် ဘုရင်သုဒဿနနှင့်အတူ ညီလာခံအတွင်းမှ ပညာရှိအပေါင်းတို့ကို ပြုံးရွှင်စေခဲ့ပါသည်။

တစ်ဖန်ဘုရင်ကြီးက ဝိဏျုသမ္မပညာရှိကြီးအား "သင်က ကျွန်ုပ်၏ သားတော်များအား မည်သို့သော ပညာရပ်များကို မည်သို့မည်ပုံ သင်ကြားမည်ကို ဤနေရာမှ ပြန်လည်လျှောက်တင်ပါဦး'ဟု မေးသည့်အခါ ပညာရှိကြီးက အောက်ပါအတိုင်း သင်ကြားရေးစနစ်နှင့် ရည်မှန်းချက်များကို အကျဉ်းချုံးလျှောက်ထားလေသည်။ (အရှင်မင်းကြီး ဥစ္စာရခြင်း၊ ရောဂါကင်းခြင်း၊ ချစ်ခင်သောသူ၊ ချစ်ဖွယ်စကားဆိုတတ်သော ဇနီးမယား၊ စကားကို နားထောင်တတ်သော အကျိုးစီးပွားကို ပြုတတ်သော အတတ်ပညာ)၊ ဤခြောက်ပါးသည် လောက၏ ချမ်းသာသုခကိုဆောင်၏ဟု နီတိကျမ်းများက ဆိုလေသည်၊ သားတော်တို့အား ချမ်းသာသုခကိုဆောင်မည့် အတတ်ပညာများမှ အတတ်များကိုသာ ကျွန်ုပ်သင်ပါမည်၊ အလေ့အကျင့်မလုပ်လျှင် အတတ်ပညာသည် အဆိပ်ဖြစ်၏၊ မကြေညက်လျှင် အစားသည် အဆိပ်ဖြစ်၏၊ ပညာမဲ့သူအတွက် ပွဲလမ်းသဘင်သည် အဆိပ်ဖြစ်၏၊ အိုမင်းမစွမ်းသူအတွက် အပျော်အပါးကာမဂုဏ်သည် အဆိပ်ဖြစ်၏၊ ကိုယ်ကျင့်တရား စီးပွားဥစ္စာ၊ ကာမဂုဏ်၊ လွတ်ငြိမ်းမှု ဤလေးမျိုးအနက် တစ်မျိုးမျှမရှိသူ၏ လူဖြစ်လာရခြင်းသည် အချည်းအနှီးသာလျှင်ဖြစ်၏၊ သင့်ရာ မသင့်ရာကို နှိုင်းချိန်တတ်သောပညာနှင့် ယှဉ်သည့်ကိုယ်ကျင့်တရားသည်သာ အမွန်မြတ်ဆုံးဖြစ်၏။ ထိုသို့သော ကိုယ်ကျင့်တရားများ ကိန်းအောင်းရာကို ဦးတည်သင်ကြားပေးပါအံ့။

အရှင်မင်းကြီး ဝီရိယရှိသော ယောကျ်ားအာဇာနည်ထံသို့ ဥစ္စာနတ်သည် ရောက်လာစမြဲဖြစ်၏၊ ယာဉ်ရထားသည်လည်း ဘီးတစ်ဘီးတည်းဖြင့် မသွားနိုင်သကဲ့သို့ လုံ့လနှင့်ကင်း၍ ကံသည်အကျိုးမပေးနိုင်ချေ၊ အိုးထိန်းသည် မြေစိုင်မြေခဲမှ အိုးခွက်အမျိုးမျိုးကို လုပ်ယူနိုင်၏၊ ဂုဏ်သည် ဂုဏ်ကိုသိတတ်သူအတွက် ဂုဏ်ဖြစ်သော်လည်း ဂုဏ်မဲ့သူ လူမိုက်တို့အတွက် အပြစ်ဖြစ်ကုန်၏၊ မြစ်ရေသည် သမုဒ္ဒရာကို စီးဝင်သောအခါ အရသာပျက်သွား သကဲ့ပင်တည်း၊ တစ်စုံတစ်ရာသောဂုဏ်ကို ဝီရိယနှင့်ယှဉ်၍ ရအောင်စွမ်းဆောင်နိုင်၏။ ဂုဏ်ကိုသိ၍ ဝီရိယကို အရင်းတည်ကာ ရယူနိုင်သော စွမ်းပကားများ ပိုင်ဆိုင်ရေးအတွက် ဦးတည်၍ သင်ကြားပေးပါအံ့၊ မြတ်သောမင်းကြီး ဥစ္စာကြွယ်ဝသောသူသည် ဥစ္စာပစ္စည်းကြောင့် မာန်တက်၏၊ ရာထူးဂုဏ်သိန် ရှိသူသည် ရာထူးဂုဏ်ကြောင့် မာန်တက်၏၊ မာန်မာနသည် မိုက်မဲသော အရသာဖြစ်၍ အကျိုးယုတ်အောင်ပြု၏၊ ခိုင်မြဲစွာ ဖွဲ့နှောင်ထားသော ချစ်ခြင်းကို ဖြိုခွင်းနိုင်၏၊ ရန်ကိုရန်နှင့် တုံ့နှင်း၍ မငြိမ်းနိုင်ချေ၊ ရန်မလိုသဖြင့်သာ ရန်သည်ငြိမ်းနိုင်၏၊ ငြိမ်းချမ်းသာယာခြင်းသည် ရန်ကြွင်း ရန်စ၊ ရန်စွယ်ရန်ပုတ် ကင်းစင်မှသာ ဖြစ်ထွန်းနိုင်အံ့။

ဥစ္စာနေသည်လည်းကောင်း၊ ရာထူးဌာနန္တရသည်လည်းကောင်း လောကတွင် မြတ်နိုးအပ်သော အရာများသာဖြစ်၏၊ သို့သော်ယင်းတို့သည် လောက၏ သာယာချမ်းမြေ့မှုကို အကြွင်းမဲ့ မပြုနိုင်ချေ၊ ပစ္စည်းဥစ္စာမရှိခြင်း၊ ရာထူးဂုဏ်သိန်မရှိခြင်း၊ လွတ်လပ်ပျော်ရွှင်သောဘဝ၌ နေရခြင်းတို့သည် အခါခပ်သိမ်း လောက၌ အောက်တန်းမကျနိုင်ချေ၊ ပညာဉာဏ်ရှိသော လောကီလောကုတ်နှစ်ဖြာသောအကျိုး၌ လိမ္မာသောပညာရှိတို့သည် မေတ္တာအင်အားကို အလှဆင်နိုင်ကြ၏။ အံ့ဖွယ်ပါတကား၊ ထိုသို့ တပြီးကား ကျွန်ုပ်သည် သားတော်များအား ပစ္စည်းဥစ္စာ၊ ရာထူးဂုဏ်သိန် မရှိငြားလည်း ပညာရှိသော ပုဂ္ဂိုလ်တို့သည် မိမိနှင့်ပတ်ဝန်းကျင်အကျိုးဆောင်ရွက်နိုင်ပုံကို အမြော်အမြင်ကြီးစွာဖြင့် အခက်အခဲများကို ကျော်လွှားလွှတ်မြောက်ခဲ့ကြသည့် ကျီး၊ သမင်၊ လိပ်၊ ကြွက်တို့ အကြောင်းကို သင်နည်းအထောက်အကူပြု၍ သင်ကြားပေးပါအံ့၊ ရင်းနှီးချစ်ခင်နေသူ မိတ်ဆွေနှစ်ဦးအကြား၊ ကုန်းချောစကားကြောင့် အချင်းချင်းရန်သူဖြစ်ကာ ပျက်စီးရပုံကို ခြင်္သေ့၊ နွားလားနှင့် မြေခွေးနှစ်ကောင်တို့အား ဥပမာပြု၍ ဟောကြားသင်ကြားပေးပါအံ့။

တစ်ဦးနှင့်တစ်ဦး အထင်မှားမှုကြောင့် မာန်မာနကို အရင်းပြုမိမှားသဖြင့် နောက်ဆုံးပျက်စီးဆုံးရှုံးခြင်းသို့ မရောက်အောင် ကြားဝင်စေ့စပ်ခြင်းသည် အဖိုးတန်လှ၏၊ နှစ်ဦးနှစ်ဖက်အကျိုးကိုပြ၍ ပြောဆိုဆွေးနွေးခြင်းသည် အကျိုးများလှ၏၊ ကြာမြင့်စွာ မုန်းတီးနေကြသူနှစ်ဦးသည် စေ့စပ်ဆွေးနွေးခြင်းဖြင့် မိတ်ဆွေများ တစ်ဖန်ဖြစ်လာရ၏၊ အချင်းချင်းရင်းနှီးချစ်ကြည်မှုကိုသာမက သူတို့ပတ်ဝန်းကျင်လောက ပွားစည်းခြင်းကို ဖြစ်ထွန်းနိုင်၏၊ ဤသဘောကို ပညာဖြင့်သာသိနိုင်၏၊ ရယူနိုင်၏၊ ဤသဘောကို သားတော်များ၏ အစွမ်းတွသန္တာန်၌ စွဲမြဲကိန်းအောင်းသွားနိုင်ရန် ဟင်္သာတပ်နှင့် ဥဒေါင်းတပ်တို့ စစ်တိုက်ပုံနှင့် လင်းတနှင့် စက္ကဝတ်တို့၏ အမြော်အမြင်ကြီးစွာဖြင့် စေ့စပ်ဆွေးနွေးကာ အမုန်းများပျောက်၍ မေတ္တာတရားများ ပြန်လည်ထွန်းကားလာပုံတို့ကိုပြ၍ ဟောပြောစည်းရုံးသင်ကြားပေးပါအံ့။ အရှင်မင်းကြီး …နောက်ဆုံး လျှောက်တင်လိုသည်မှာ၊ (ပညာဉာဏ်ရှိသူ၊ အမြော်မြင်တွေးဆတတ်သူ၊ ပညာရှိကို ဆည်းကပ်တတ်သူ၊ စိတ်ကောင်းထားသူ၊ ကိုယ်ကျိုးမကြည့်သူ၊ ဝီရိယကြီးမားသူ၊ မေတ္တာထားတတ်သူတို့အတွက် မပြီးစီးနိုင်သောအရာ၊ မအောင်မြင်နိုင်သော အရာသည် အဘယ်မှာ ရှိပါအံ့နည်း)ဟု လျှောက်တင်လေသည်။

ဝိဏျုသမ္မဆရာကြီး၏ လျှောက်တင်ချက်စကားများသည် မှတ်သားဖွယ် နီတိများဖြင့် ပြည့်နှက်နေ၏၊ အကြောင်းအကျိုးဆက်စပ်ဆီလျော်မှုရှိ၏၊ ယုတ္တိဗေဒနှင့်လည်း ညီညွတ်၏။ လူတော်လူကောင်းများအတွက် ဆောင်ကြဉ်းအပ်သော အတွေးအမြင်များလည်းပါ၏။ မင်းသားများ၏ ဘဝရှေ့ရေးအတွက် လုံလောက်သော အားမာန်လည်းရှိ၏၊ သူတို့၏ ဘဝရောင်ခြည်ဦးကိုလည်း လှမ်းမြင်နေရ၏၊ သို့အတွက်ကြောင့် ညီလာခံအတွင်းရှိ သုဒဿနအရှင်မင်းကြီးနှင့်တကွ ပညာရှင်အားလုံး နာယူမှတ်သားရရုံသာမက၊ ဝါအားဖြင့် သမ္မာအားဖြင့် တုမနိုင်သာသော ဝိဏျုသမ္မဆရာကြီး၏ ပညာကို အလေးအနက်ပြုသည့်အနေဖြင့် ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေကြ၏၊ ပညာ၏ ချိုမြိန်ခြင်းအရသာကို တစ်ဝကြီးစားသုံးလိုက်ရသဖြင့် ကျေနပ်ဝမ်းမြောက်နေကြ၏၊ ထိုစဉ် ပလ္လင်အထက်မှ အသံတစ်ခု အောင်မြင်စွာ ထွက်ပေါ်လာ၏။

'ကျွန်ုပ်သားတော်များကို ယနေ့မှစ၍ ဤဝိဏျုသမ္မဆရာကြီးထံ ပညာသင်ကြားရန် အပ်နှင်းလိုက်ပြီ" ဟု မိန့်တော်မူလျက် ဤဝိဏျုသမ္မ ဆရာကြီးအား ၄င်းနေထိုင်ရာ ဝိဂ်လဇနပုဒ်မှ ဤနန်းတော်သို့ အမြန်ပြောင်းရွှေ့နေထိုင်ရန်နှင့် ကြီးမားသောပညာကို ပူဇော်သောအားဖြင့် မင်းဆရာ ပုရောဟိတ်ကြီးအဖြစ် အဆောင်အယောင်အစီးအနင်းများနှင့်တကွ ပေးသနားတော်မူသည်ဟု မှတ်သားရပါသည်။ သို့ပါ၍ ဘုရင်သုဒဿနနှင့် ပညာရှိ ဝိဏျုသမ္မတို့ သားတော်များ ပညာရေးအတွက် အမေး၊ အဖြေလျှောက်ထုံးတို့သည် ပျားရည်ကို သကာလောင်းသည့်ပမာ ပညာ၏လေးနက်ခြင်း၊ ပညာ၏သိမ်မွေ့ခြင်း၊ ပညာ၏ချိုမြိန်ခြင်း အရသာတို့ကို ပေါ်လွင်စေခဲ့ပါသည်။

(ကိုးကား) ၁။ ဟိတောပဒေသကျမ်းလာ စကားချီ
နှင့် မိတ္တလာဘမိတ္တဗေဒ၊ ဝိဂ္ဂဟ၊
သန္ဓိ အခန်းများကို မှီးပါသည်။
၂။ ဆရာကြီး ဦးဝမ်ထိန်ရေးပညာတန်ဆောင်
၁၉၉၅၊ အောက်တို




## ဆာဂျီယိုရာမို့စ် ဆီဗီလာအသင်းနှင့် လမ်းခွဲ



**မက်ဒရစ် ဇွန် ၁၈**

ဝါရင့်နောက်ခံကစားသမား ဆာဂျီယိုရာမို့စ် ဆီဗီလာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်သောကြောင့် လမ်းခွဲခဲ့ပြီ ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ဆီဗီလာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၇ ပွဲကစားပြီး ၇ ဂိုး သွင်းယူ ကာ ခြေစွမ်းပြနိုင်ခဲ့သည်။

ဆီဗီလာအသင်းနှင့် လမ်းခွဲခဲ့သည့် ရာမို့စ်ကို လက်ရှိအချိန် ဆော်ဒီကလပ်အသင်းများအပြင်၊ ဥရောပကလပ်အသင်းများစွာက လည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၈)နှစ်အရွယ်ရှိ ရာမို့စ်က "ကျွန်တော် ဆီဗီလာအသင်းနှင့် လမ်းခွဲခဲ့ပါပြီ။ အသင်းသစ် ရှာဖွေသွားမှာပါ။ ဆီဗီလာအသင်းအနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုများ ရယူနိုင်ပါစေလို့ တောင်းဆုပြုပါတယ်" ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Liudmila Samsonova ဆွတ်ခူး



**လန်ဒန် ဇွန် ၁၈**

နယ်သာလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အီတလီတင်းနစ်မယ် Liudmila Samsonova ကထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အီတလီတင်းနစ်မယ် Liudmila Samsonova သည် 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ကနေဒါတင်းနစ်မယ် Bianca Andreescu အား ၄-၆၊ ၆-၃၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ Liudmila Samsonova က "ကျွန်မအနေလို 2024 Libéma Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ နိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်

(အပေါ်ယာပုံ)(NGB)



## ဘာပေ ဩစတြီးယားနှင့် ပွဲစဉ်တွင် နှာခေါင်းရိုးကျိုး ဒဏ်ရာရရှိ

**ပါရီ ဇွန် ၁၈**

ပြင်သစ်လက်ရွေးစင်အသင်း အဓိကတိုက်စစ်မှူး ဘာပေနှာခေါင်းရိုးကျိုး ဒဏ်ရာရရှိခဲ့သော်လည်း ခွဲစိတ်ကုသမှုခံယူရန် မလိုအပ်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)ပွဲစဉ်အဖြစ် ပြင်သစ်လက်ရွေးစင်အသင်းက ဩစတြီးယားအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဘာပေ နှာခေါင်းရိုးကျိုး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပြင်သစ်လက်ရွေးစင်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာပေသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၇ မှ ၂၀၂၄ အထိ ပြိုင်ပွဲ ပွဲ ၈၀ ကစားကာ ၄၇ ဂိုးထိ သွင်းယူထားသည်။

(အပေါ်ပုံ)(NGB)

## ဖာမင်လိုပက်ဇ် ဘာစီလိုနာအသင်းတွင် ဆက်ရှိသွားမည်



**ဘာစီလိုနာ ဇွန် ၁၈**

ကွင်းလယ်ကစားသမား ဖာမင်လိုပက်ဇ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဘာစီလိုနာအသင်းက အတည်ပြုခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းက ယူရို သန်း ၃၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဘာစီလိုနာအသင်းက ပယ်ချခဲ့သည်။

ကွင်းလယ်ကစားသမား ဖာမင်လိုပက်ဇ်သည် ဘာစီလိုနာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ ပွဲကစားပြီး ၁၁ ဂိုး သွင်းယူထားသည်။

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် "ဖာမင်လိုပက်ဇ်အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)(NGB)

## ဗန်ဒါဆန်အား ခေါ်ယူရန် စပါးအသင်း စိတ်ဝင်စား

**လန်ဒန် ဇွန် ၁၈**

စပါးအသင်းသည် မိုနာကိုအသင်း နောက်ခံကစားသမား ဗန်ဒါဆန်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ ပွဲကစားပြီး ၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မိုနာကိုအသင်းကလည်း ဗန်ဒါဆန်အတွက် ယူရိုသန်း ၄၀ ကျော်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် စပါးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် မိုနာကိုအသင်းထံမှ ဗန်ဒါဆန်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ)
(NGB)



## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်များ

နိုင်ကမ္ဘာ

### အုပ်စု(ခ)

**ပွဲစဉ်(၁)ရလဒ် – စပိန် ၃-၀ ခရိုအေးရှား အီတလီ ၂-၁ အယ်လ်ဘေးနီးယား**

**ခရိုအေးရှား - အယ်လ်ဘေးနီးယား**

ဇွန်လ ၁၉ ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၃၀ နာရီ
(ဗောက်ပတ်ခ်ဘောလုံးကွင်း၊ ဟမ်းဘတ်မြို့)

ကမ္ဘာ့အဆင့်(၉)ရှိသည့် ခရိုအေးရှားအသင်းနှင့် ကမ္ဘာ့အဆင့်(၆၆)ရှိသည့် အယ်လ်ဘေးနီးယားအသင်းတို့သည် နှစ်သင်းတွေ့ဆုံမှု မရှိခဲ့သော်လည်း ခရိုအေးရှားက အဖက်ဖက်တွင် အသာရနေသည့်အပြင် အဖွင့်ပွဲစဉ်၌ စပိန်ကို ဂိုးပြတ်ရှုံးထား၍ ယခုပွဲတွင် ခရိုအေးရှားတို့ ပြတ်သားစွာ အနိုင်ရအောင် စွမ်းဆောင်ပြမည့် ပွဲမျိုးဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ခရိုအေးရှား–နိုင်၊ နိုင်၊နိုင်၊နိုင်၊ရှုံး

အယ်လ်ဘေးနီးယား–ရှုံး၊ရှုံး၊နိုင်၊နိုင်၊ရှုံး

### အုပ်စု(က)ပွဲစဉ်

**ပွဲစဉ်(၁)ရလဒ် – ဂျာမနီ ၅-၁ စကော့တလန် ဟန်ဂေရီ ၁-၃ ဆွစ်ဇာလန်**

**ဂျာမနီ - ဟန်ဂေရီ**

ဇွန်လ ၁၉ ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀ နာရီ
**(စတုဂတ်ဘောလုံးကွင်း၊ စတုဂတ်မြို့)**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀-၆-၁၉၅၄ | ဟန်ဂေရီ | ၈-၃ | ဂျာမနီ | | | (ကမ္ဘာ့ဖလား ၅၄ အုပ်စု) |
| ၄-၇-၁၉၅၄ | ဂျာမနီ | ၃-၂ | ဟန်ဂေရီ | | | (ကမ္ဘာ့ဖလား ၅၄ ဗိုလ်လုပွဲ) |
| ၂၃-၆-၂၀၂၁ | ဂျာမနီ | ၂-၂ | ဟန်ဂေရီ | | | (ယူရို ၂၀၂၀ အုပ်စု) |
| ၂၀၂၂ | ဟန်ဂေရီ | ၁-၁ | ဂျာမနီ | ၀-၁ | ဟန်ဂေရီ | (UEFA နေရှင်းလိဂ် အုပ်စု) |

ကမ္ဘာ့အဆင့်(၁၆)ရှိသည့် အိမ်ရှင်ဂျာမနီအသင်းနှင့် ကမ္ဘာ့အဆင့်(၂၉)ရှိသည့် ဟန်ဂေရီအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၁၀)ကြိမ် ဆုံတွေ့ခဲ့ရာ ဂျာမနီက (၄)ကြိမ် အနိုင်ရရှိခဲ့ပြီး (၃)ကြိမ် သရေကျကာ (၃)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရရော အိမ်ရှင်အခွင့်အရေးပါ အသာရနေသည့် ဂျာမနီတို့ ပြတ်သားစွာ အနိုင်ရဦးမည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ဂျာမနီ–နိုင်၊ နိုင်၊သရေ၊နိုင်၊နိုင်

ဟန်ဂေရီ–နိုင်၊နိုင်၊ရှုံး၊နိုင်၊ရှုံး

**စကော့တလန် - ဆွစ်ဇာလန်**

ဇွန်လ ၂၀ ရက်(ကြာသပတေးနေ့) နံနက် ၀၁း၃၀ နာရီ
(ကိုလုံးဘောလုံးကွင်း၊ ကိုလုံးမြို့)

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၉၅၇ | စကော့တလန် | ၃-၂ | ဆွစ်ဇာလန် | ၁-၂ | စကော့တလန် | (ကမ္ဘာ့ဖလား ၁၉၅၈ ခြေစစ်ပွဲ) |
| ၁၉၈၂-၈၃ | ။ | ၂-၀ | ။ | ၂-၂ | ။ | (ယူရို ၈၄ ခြေစစ်ပွဲ) |
| ၁၉၉၀-၉၁ | ။ | ၂-၁ | ။ | ၂-၂ | ။ | (ယူရို ၉၂ ခြေစစ်ပွဲ) |
| ၁၉၉၂-၉၃ | ။ | ၁-၁ | ။ | ၃-၁ | ။ | (ကမ္ဘာ့ဖလား ၁၉၉၄ ခြေစစ်ပွဲ) |
| ၁-၃-၂၀၀၆ | ။ | ၁-၃ | ။ | | | (ခြေစမ်းပွဲ) |

ကမ္ဘာ့အဆင့်(၃၉)ရှိသည့် စကော့တလန်အသင်းနှင့် ကမ္ဘာ့အဆင့်(၁၉)ရှိသည့် ဆွစ်ဇာလန်အသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၁၀)ကြိမ် ဆုံတွေ့ခဲ့ရာ စကော့တလန်က (၄)ကြိမ် အနိုင်ရရှိခဲ့ပြီး (၃)ကြိမ် သရေကျကာ (၃)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ စကော့တလန်တို့ အသာရနေသော်လည်း အဖွင့်ပွဲစဉ်ခြေစွမ်းက အားရစရာမရှိသည့်အပြင် ကမ္ဘာ့အဆင့်တွင်လည်း ဆွစ်ဇာလန်က မြင့်နေသည့်အတွက် ဆွစ်ဇာလန်တို့ အနိုင်သေချာသည့်ပွဲ ဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

စကော့တလန်–ရှုံး၊ရှုံး၊နိုင်၊သရေ၊ရှုံး

ဆွစ်ဇာလန်–သရေ၊နိုင်၊နိုင်၊သရေ၊နိုင်



## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများနှင့်တွေ့ဆုံ

**မန္တလေး ဇွန် ၁၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်းများ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို ဇွန် ၁၇ရက် နံနက် ၉နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါ သိပ္ပံကျောင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများဆွေးနွေးပြောကြားသည်။ ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့်သင်ကြားရေးနှင့် ဝန်ထမ်းရေးရာများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ တင်ပြချက်များကို ဖြည်းဆည်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၄-၂၀၂၅ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်း၊ အားကစားအထူးပြု ဘာသာရပ်သင်တန်းများကို ဇွန် ၃ရက်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ပျဉ်းမနား ဇွန် ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်တွင် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်ခိုင်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ မြန်မာတိုင်းရင်းသား လူမျိုးနွယ်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပျဉ်းမနားခရိုင်ဦးစီးမှူး ဦးရဲဇင်လတ်နှင့် ပျဉ်းမနားမြို့နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်တို့က ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်း ၄၄ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၄၅ ဦးတို့အား အသီးသီးပေးအပ်ခဲ့ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေဦးစီးမှူး၊ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးပြီးနောက် e-ID စနစ်အတွက် ကိုယ်ရေးအချက်အလက်(Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric)များ ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်း ဆောင်ရွက်ပေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ

## နယ်စပ်ပို့ကုန်၊ သွင်းကုန်များ ဆောင်ရွက်ပေးလျက်ရှိ

**ကျိုင်းတုံ ဇွန် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(ကျိုင်းတုံ)မှ နယ်စပ်ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်လတွင် ကျိုင်းတုံမှ တရုတ်နိုင်ငံသို့ မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် စိန်တလုံး၊ ရွှေဟင်္သာသရက်သီးများနှင့် ငရုတ်သီးခြောက်၊ ပုဇွန်ဖွဲ၊ ဝါဂွမ်း၊ သီဟိုဠ်စေ့နှင့် နနွင်းတက်များကို တစ်ရက်လျှင် ကားစီးရေ ၃၀ မှ ၅၀ အတွင်း တင်ပို့လျက်ရှိသည်။

ပို့ကုန်၊သွင်းကုန်ရုံး(ကျိုင်းတုံ)ရုံးအနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိပြီး ကျိုင်းတုံ-ဝမ်တာပုံ-မိုင်းခတ်-မိုင်းယန်းလမ်းကြောင်း၊ ကျိုင်းတုံ-ဝမ်တာပင်း-မိုင်းလားလမ်းကြောင်းများမှ ပို့ကုန်၊ သွင်းကုန်များ ဆောင်ရွက်လျက်ရှိကြောင်း၊ သရက်သီး၊ ငရုတ်သီး၊ ငရုတ်သီးခြောက်၊ ပုဇွန်ဖွဲ၊ ဝါဂွမ်း၊ မြေပဲဆီ၊ သီဟိုဠ်စေ့၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ မရွေးစသည့် စားသောက်ကုန်များ အဓိကတင်ပို့ပြီး တရုတ်နိုင်ငံမှ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်အပိုပစ္စည်းများ တင်သွင်းကြောင်း၊ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မည်ဆိုပါက ပို့ကုန်ကုမ္ပဏီများအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စစ်ဆေးရေးဂိတ်များတွင် QR Code ဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)



## မိတ္ထီလာမြို့ လူထုအခြေပြုဗဟိုဌာန၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ လူထုအခြေပြု ဗဟိုဌာန၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မိတ္ထီလာအခြေပြု ဘာသာရေးနှီးနွှယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကော်မတီ၊ မြို့နယ်စာရေးဆရာအသင်းနှင့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)တို့ ပူးပေါင်းကျင်းပသော အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ဇွန် ၁၇ ရက် နံနက် ၉နာရီ ၃၀မိနစ်က ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဘာသာရေးနှီးနွှယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဦးစွာကျင်းပရာ မိတ္ထီလာအခြေပြုဘာသာရေးနှီးနွှယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနာယက ဆရာတော် ဘဒ္ဒန္တသုမနက အဖွင့်ဩဝါဒမိန့်ကြားသည်။ ဆက်လက်၍ အမှတ်ပေးဒိုင် ဒေါ်ဖြိုးဝေထွန်းက ပြိုင်ပွဲဆောင်းပါးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆိုပါကော်မတီအတွင်းရေးမှူး ဦးမောင်မောင်စိန်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲကိုကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသူ၊ ကျောင်းသား ၅၉ ဦးက ပါဝင်ယှဉ်ပြိုင်သည်။

ကျောင်းသူ၊ ကျောင်းသားလူငယ်များရဲ့ အင်္ဂလိပ်စာစွမ်းရည်တိုးတက်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်နဲ့ ကျင်းပတဲ့ ဒီပြိုင်ပွဲကို ပဋ္ဌမအကြိမ်မြောက် ကျင်းပတာ ဖြစ်ပါတယ် ဟု ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြောသည်။ အဆိုပါပြိုင်ပွဲအား ဇွန် ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဇွန် ၁၈ ရက်တွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၃)

## ပြည်တွင်းကုလားပဲဈေးမြင့်တက်နေသော်လည်း ဈေးကွက်အေးနေ

ပြည်တွင်းကုလားပဲဈေးမြင့်တက်နေသော်လည်း ဈေးကွက်အဝယ်အေးနေကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်တွင်းပဲအထွက်နှုန်းမှာ စိုက်ပျိုးစရိတ်များနှင့်သယ်ယူပို့ဆောင်စရိတ်များ မြင့်နေတာကြောင့် စိုက်ဧကလျော့နည်းပြီး အထွက်နှုန်းလည်း အနည်းငယ်ကျဆင်းခဲ့သည်။

ပြည်တွင်းသုံးကုလားပဲမှာ ပို့ကုန်ပဲများနှင့်အတူ လိုက်ပါဈေးမြင့်တက်လေ့ရှိသည်။

"အထွက်နှုန်းကကျပြီး ဈေးကွက်အတွင်းကို အဝင်နည်းလာတယ်။ နိုင်ငံခြားတင်ပို့မှုမရှိသော်လည်း ပို့ကုန်ပဲတွေနဲ့အတူ လိုက်ပါဈေးမြင့်တက်လေ့ရှိပါတယ်။ လက်ရှိမှာ ပြည်တွင်းပဲခွဲစက်တွေကလည်း အဝယ်နည်းလို့ ဈေးကွက်အေးနေတာပါ" ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

မေလအတွင်းမှစတင်ကာ ဈေးမြင့်တက်လာရာမှ ဇွန်လဆန်းပိုင်းတွင် အမြင့်ဈေးဖြင့် တည်ငြိမ်ပြီး အဝယ်အေးခြင်းဖြစ်သည်။

ပြည်တွင်းပဲဈေးကွက်မှာ ပို့ကုန်မတ်ပဲနှင့်ပဲစင်းငုံမှာ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားနှင့် ပဲလိုအပ်ချက်ကိုမူတည်ပြီး ဈေးကောင်းရရှိသလို ပြည်တွင်းသုံးကုလားပဲများ လိုက်ပါဈေးမြင့်တက်လေ့ရှိသည်။

လက်ရှိ ဇွန် ၁၇ ရက်ထိ ပြည်တွင်းသုံး ကုလားပဲများမှာ ၅၇ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀ ပေါက်ဈေးရှိနေပြီး ဈေးအတက်အကျ ပြောင်းလဲမှုအနည်းငယ်ရှိနေကာ ထူးထူးခြားခြား ဈေးအတက်အကျမရှိတည်ငြိမ်နေခြင်း ဖြစ်သည်။

တောင်သူအများစုအနေဖြင့် ကုလားပဲမျိုးကို မျိုးချိန်စနစ်ဖြင့် စိုက်ပျိုးကြပြီး နှစ်စဉ်ကုလားပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် မိုးအစိုဓာတ်ဖြင့်လည်းကောင်း၊ ရေစက်များဖြင့် ရေတင်၍လည်းကောင်း၊ ယာမြေများတွင် စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ပဲမျိုးစုံ စိုက်ဧက ၁၁သန်းကျော်ရှိပြီး ကုလားပဲ ၈ ရာခိုင်နှုန်းထိ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)





## အမရပူရမြို့နယ်၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

**အမရပူရ ဇွန် ၁၈**

မန္တလေး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက အမရပူရခရိုင် ပညာရေးမှူးရုံးနှင့်ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ခရိုင်ပညာရေးမှူး ဒေါ်ခင်စန်းဝင်းနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ထားထားစိန်တို့က အဖွင့်အမှာစကားများ ပြောကြားပေးခဲ့သည်။ ဆက်လက်၍ မြို့နယ်ပြန်ဆက် ဦးစီးအရာရှိ ဒေါ်တင်တင်လှက အမရပူရမြို့နယ်အတွင်းမှ တက်ရောက်လာသည့် ဆရာမ ၄၀ ဦးကို အခမ်းအနားမှူးနှင့်ပတ်သက်သည့် ပညာရပ်တို့ကို ပို့ချပေးခဲ့သည်။ ယင်းအခမ်းအနားမှူးသင်တန်းကို တက်ရောက်လာသည့် ဆရာမများကို စာတွေ့၊ လက်တွေ့ လေးရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

စိုးသီဟ(အမရ)

ဝ-ဝ-ဝ-ဝ-ဝ

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ အငှမအကြိမ် ပြန်လည်ထုတ်ချေး

**မိတ္ထီလာ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောင်းရွာကျေးရွာအုပ်စု ကျောင်းရွာ၊ ကလိမ်ခြေ၊ လေးထောင်ကန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျောင်းရွာကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝါဝါမိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်စီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၄၈၀ သိန်းအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၄ဖ၉)

## မိုးကြိုပဲတီစိမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပွင့်ဖြူ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် ဒေသခံတောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန် အားထားစိုက်ပျိုးသည့် မိုးကြိုပဲတီစိမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် ဒေသခံတောင်သူတွေ သီးနှံဝင်ငွေ တိုးပွားစေရန် အားထားစိုက်ပျိုးခဲ့တဲ့ မိုးကြိုပဲတီစိမ်းသီးနှံတွေဟာ စိုက်ပျိုးရေ ဖူလုံတဲ့အတွက်ကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ ယခုနှစ် မိုးကြိုပဲတီစိမ်းသီးနှံ စိုက်ပျိုးမှုအနေနဲ့ မတ်လ တတိယပတ်လောက်ကစပြီး စိုက်ပျိုးခဲ့ရာ စုစုပေါင်းစိုက်ဧက ၅၆၂၇ ဧက စိုက်ပျိုးပြီးစီးခဲ့ပါတယ်။ သီးနှံအထွက်နှုန်းတွေကောင်းမွန်ဖို့အတွက် ဒေသခံတောင်သူတွေကို သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ အချိန်မီသီးနှံသိမ်းဆည်းနည်းပညာတွေ စတဲ့ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဈေးကွက်ရှိသည့် ပဲတီစိမ်းသီးနှံအား မိုးကြိုကာလတွင် အားထားစိုက်ပျိုးကြလေ့ရှိပြီး ယခုနှစ် စိုက်ပျိုးသည့် မိုးကြိုပဲတီစိမ်းစိုက်ခင်းများမှာ စိုက်ပျိုးရေ ဖူလုံစွာရရှိခဲ့သဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ထို့အပြင် အချို့ကျေးရွာများရှိ ဒေသခံ တောင်သူများကလည်း သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် ပဲတီစိမ်းသီးနှံအား ဇွန်လအတွင်း မိုးရွာသွန်းခဲ့သောကြောင့် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)(၄၄၅)





## မီးသတ်ဦးစီးဌာနမှ ကျန်းမာရေးထောက်ပံ့ငွေနှင့် အငြိမ်းစားတပ်ဖွဲ့ဝင်အား ထောက်ပံ့ငွေပေးအပ်

**မန္တလေး ဇွန် ၁၈**

မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းတို့မှ အငြိမ်းစားသက်ကြီးမီးသတ်ဝန်ထမ်းဟောင်းများအား ထောက်ပံ့လျက်ရှိရာ ဇွန် ၁၆ရက်တွင် အမရပူရမြို့နယ်တွင်နေထိုင်သော မီးသတ်တပ်ကြပ်ကြီး(ငြိမ်း)ဦးဗလအား ငွေကျပ် ငါးသောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက တိုင်းဒေသကြီးမီးသတ် ဦးစီးမှူးရုံးမှ အဆုတ်ထဲရေဝင်၍ ဆေးကုသခံယူနေသူ မီးသတ်တပ်ကြပ် ထက်ဝေအောင်အားဆေးကုသမှု ကျန်းမာရေးထောက်ပံ့ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ တော်ဝင်နှင်းဆီဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသော မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့မှ ဦးကျော်ကျော်လွင်အား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ

## သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဇွန် ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအညစ်အကြေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာနမှတာဝန်ရှိသူများသည် သင်္ဂဇာချောင်းအလယ်ပေါင်တံတားအနောက်ဘက် ချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအနောက်ဘက်ပတ်လမ်း ၂၉လမ်းနှင့်လမ်း၃၀ကြား ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် သင်္ဂဇာချောင်းအရှေ့ဘက် ပတ်လမ်း၃၃လမ်းနှင့် ၃၅လမ်းကြားတွင် အမှိုက်လှည်းခြင်း၊ ဒိုက်နှင့်အမှိုက်များကို သိမ်းဆည်းခြင်းကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၃၅လမ်းနှင့်၃၆လမ်းကြား ချောင်းအတွင်းမှ ဒိုက်အမှိုက်နှင့် နွံများကို Sunton စက်အသုံးပြု၍ ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်းစီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းကိုမြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦး၊ ဘက်ဟိုးစက်တစ်စီးနှင့် မော်ဆယ်စက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၈၀ ခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်နှစ်စီးအသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ နှစ်ဧကခန့် ဖြတ်တောက်ဆောင်ရွက်နိုင်ခဲ့သည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် ဇုန်(၂) ၃၂လမ်းနှင့် ၃၃လမ်းကြား လမ်းဘေး ဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊ သဲ၊ အမှိုက်များ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်းလုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)





## ၂၀၂၄ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မြစ်သား ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီး၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၇ နာရီခွဲက ကျီတော်ကုန်း(မူလွန်) ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးခိုင်က သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်၊ သစ်တောသစ်ပင်ပြုန်းတီးမှုမရှိစေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်အတွက် ရည်ရွယ်၍ သစ်ပင်များစိုက်ပျိုးရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျွန်းပင် ၂၀ ပင်၊ ယင်းမာပင် ၂၀၀ ပင်၊ တမာပင် ၁၀၀ ပင်၊ သဘော်ကုက္ကိုပင် ၆၀ ပင်၊ ဖြောက်ဆိပ်ပင် ၁၀၀ ပင်နှင့် ယူကလစ်ပင် ၆၀ ပင် စုစုပေါင်း အပင် ၅၄၀ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးခိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး မြတ်သီဟမင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ရဲမှူး ဋ္ဌေးဝင်း ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုးအောင်၊ ဌာနဆိုင်ရာများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သီတာအောင်(မြစ်သား)**

## ပြည်ပနိုင်ငံများဝယ်ယူမှုနှင့် ပြည်တွင်းလှောင်လက်များက ဝယ်ယူမှုကြောင့် မတ်ပဲဈေးကောင်းရရှိနေ



**မန္တလေး ဇွန် ၁၈**

မန္တလေးဈေးကွက်အတွင်း ပြည်ပနိုင်ငံများက ဝယ်ယူမှုနှင့် ပြည်တွင်းလှောင်လက်များက ဝယ်ယူမှုများကြောင့် မတ်ပဲ ဈေးနှုန်းကောင်းများရရှိနေကြောင်း မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းက သိရသည်။

အိန္ဒိယနိုင်ငံဝယ်ယူမှုကောင်းမွန်နေခြင်း၊ ပြည်တွင်းသိုလှောင်သူများက ဝယ်ယူနေခြင်းတို့ကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"ဈေးကွက်အတွင်းမှာ ဝယ်ယူမှုကလည်း ကောင်းတယ်၊ အဓိကကတော့ အဝင်ကအဝယ်လောက်မများတဲ့အတွက် ပဲလိုအပ်ချက်ဖြစ်ပေါ်ပြီးတော့ ဈေးနှုန်းကောင်းတွေ ရရှိနေတာဖြစ်ပါတယ်။ အခုအနေအထားကတော့ ဈေးနှုန်းဆက်လက်ကောင်းမယ့်အခြေအနေမှာရှိတယ်" ဟု ပဲပွဲရုံပိုင်ရှင် ဦးညိုက ပြောသည်။

မတ်ပဲဈေးနှုန်းများမှာ သုံးတင်းဝင်တစ်အိတ်လျှင် ဇွန် ၁၅ ရက်တွင် အသစ် ငွေကျပ် ၂၈၅-၀၀၀-၃၀၀၀၀၀ မှ ဇွန် ၁၇ ရက်တွင် ငွေကျပ် ၂၉၀၀၀၀-၃၀၅-၀၀၀၊ အဟောင်း ငွေကျပ် ၃၂-၀၀၀၀ မှ ၃၂၅၀၀၀ ဈေးနှုန်းရှိနေကြောင်း သိရသည်။

အလားတူ ပဲစင်းငုံနီကို အိန္ဒိယနိုင်ငံက ဝယ်ယူမှုများနေခြင်းကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းကောင်းရရှိနေကြောင်း၊ ပဲတီစိမ်းမှာလည်း ပြည်ပနိုင်ငံများက ဝယ်ယူမှုများပြားနေခြင်းကြောင့် ဈေးနှုန်းကောင်းရရှိနေကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

## နွေနှမ်းသီးနှံကို ပေါင်ကြီးတင်စိုက်နည်းစနစ်ဖြင့် စမ်းသပ်စိုက်ပျိုးထားရှိမှု အောင်မြင်ဖြစ်ထွန်း

**မင်းဘူး ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး နွေနှမ်းသီးနှံကို ပေါင်ကြီးတင် စိုက်နည်းစနစ်ဖြင့် ပထမဆုံးအကြိမ် စမ်းသပ်စိုက်ပျိုးထားရှိသည့် တောင်သူပညာပေး သရုပ်ပြစိုက်ခင်း နှစ်ဧကကို တောဘိုကုန်းကျေးရွာ ကွင်းအမှတ် ၁၁၈၉ ရှိ ဒေသခံတောင်သူ ဦးစံမောင်၏ လယ်မြေ၌ စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ တောင်သူပညာပေး သရုပ်ပြစိုက်ခင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံမျိုးစေ့သုံးစွဲမှုနှင့် စိုက်နည်းစနစ်မှန်ကန်စေရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေးအတွက် စိုက်ပျိုးနည်းပညာများ ပံ့ပိုးကူညီကာ ဒေသခံတောင်သူများနှင့် ပူးပေါင်းပြီး ပညာပေးစမ်းသပ်ကွက်အဖြစ် အခြားကျေးရွာများမှ တောင်သူများ လာရောက်လေ့လာနိုင်စေရန် (ဂျပန်ဖြူ)နှမ်းမျိုး နှစ်ဧကကို ၂၀၂၄ ခုနှစ်၊ ဧပြီ ၁၉ ရက်က စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပေါင်ကြီးတင်စနစ် စိုက်ပျိုးရာတွင် မြေယာပြုပြင်ပြီးကြောင်းဆွဲကိရိယာဖြင့် ပေါင်ဖော်ကာ မျိုးစေ့ချကိရိယာ အသုံးပြု၍ အပင်ကြား ၄ လက်မ အတန်းကြား ၄ လက်မနှုန်းဖြင့် တစ်ဧကနှမ်းမျိုးစေ့ တစ်ပြည်နှုန်း အသုံးပြုစိုက်ပျိုးထားကြောင်း၊ စိုက်နည်းစနစ်မှန်ကန်ပြီး အပင်ဦးရေ ဝင်ဆံ့သည့်အတွက် အထွက်နှုန်းအားဖြင့် တစ်ဧကပျမ်းမျှ တင်း ၂၀ ခန့် ထွက်ရှိနိုင်ကြောင်း၊ နှမ်းသီးနှံရိတ်သိမ်းချိန်တွင် သီးသန့်ရွေးချယ်ပြီး မျိုးသန့်သိမ်းဆည်း၍ လာမည့်ရာသီအတွက် မျိုးသန့်အဖြစ် သုံးစွဲနိုင်မှာဖြစ်သည့်အတွက် ဒေသခံတောင်သူများအနေဖြင့် နွေနှမ်းသီးနှံများကို ရှေးသမရိုးကျပက်ကြဲစနစ်စိုက်ပျိုးခြင်းထက် ပေါင်ကြီးတင်စနစ် စိုက်ပျိုးခြင်းက အထွက်နှုန်းပိုမို ရရှိပြီးများစွာ အကျိုးဖြစ်ထွန်းစေနိုင်မှာ ဖြစ်ကြောင်း၊ ပေါင်ကြီးတင်စနစ် စိုက်ပျိုးခြင်းအားဖြင့် သီးနှံစိုက်ပျိုးချိန် သဘာဝဘေးအန္တရာယ်ကြောင့် မိုးခေါင်ခြင်း၊ မိုးများခြင်း အခြေအနေများတွင် ရေသွင်းရေထုတ်လွယ်ကူစေခြင်း၊ အပင်ဝင်ဆံ့မှုအရေအတွက် မှန်ကန်ခြင်း၊ အပင်ပြုစုစောင့်ရှောက်မှုလွယ်ကူခြင်း စသည့် ကောင်းကျိုးများစွာ ရရှိနိုင်သည့်အတွက် နွေနှမ်းသီးနှံ ပေါင်ကြီးတင်စနစ်ကို မြို့နယ်အတွင်း၌ ပထမဆုံးအကြိမ်အဖြစ် တောင်သူပညာပေး စိုက်ပျိုးပြသထားခြင်းဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

**(အောက်ပုံ)(၅၀၀)**





## ရောနှောဆီအပါအဝင် စားသုံးဆီအမျိုးမျိုးအား ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေး

**ကံမ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ စည်ပင်သာယာမြို့မဈေးအတွင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ ကုန်စုံဆိုင်များတွင် ရောနှောဆီအပါအဝင် စားသုံးဆီအမျိုးမျိုးအား ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ယနေ့ နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးရာ၌ စည်ပင်သာယာမြို့မဈေးအတွင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ ကုန်စုံဆိုင်များတွင် ရောနှောဆီအပါအဝင် စားသုံးဆီအမျိုးမျိုးအား ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရောင်းချနေသည့်ဆိုင်များအား အဆိုပါစားသုံးဆီများ၏ အရည်အသွေးနှင့် ရောင်းချသည့်ဈေးနှုန်းတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

## ကျွန်းလှမြို့နယ်တွင် မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးမည်

**ကျွန်းလှ ဇွန် ၁၈**



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ အရင်နှစ်က မိုးစပါး ၃၄၀၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၃၄၀၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တစ်ဧကပျမ်းမျှ ၇၃ ဒသမ ၅၉ တင်း ထွက်ရှိပါတယ်။ ဒီနှစ် မိုးစပါး ၃၄၀၉၇ ဧက လျာထားပြီး တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးမှုတိုးလာပါတယ်။ စိုက်နည်းစနစ်မှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ဆင်းသုခ၊ ရွှေသွယ်ရင်၊ ချမ်းမြေ့မေ စပါးမျိုးများစိုက်ပျိုးကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၀)**




# အခြေခံအပင်တစ်သျှူး မျိုးပွားနည်းသင်တန်း (၂/၂၀၂၄)သင်တန်းဖွင့်ပွဲ ကျင်းပ

**ကျောက်ဆည် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနတွင် အခြေခံအပင်တစ်သျှူးမျိုးပွားနည်းသင်တန်း (၂/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာအေးအေးခိုင်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဇီဝနှင့်ဆက်စပ်နည်းပညာများပေးနိုင်ရန်နှင့် အပင်တစ်သျှူးမျိုးပွားနည်း အခြေခံများ သိရှိစေရန် စာတွေ့လက်တွေ့ ဒုတိယအကြိမ် သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ရာ စနစ်တကျ လေ့လာသင်ယူမှတ်သားကြရန် အမှာစကားပြောကြားပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ သင်တန်းမှူး ဒေါက်တာကေသီဦးက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သောနည်းပညာများ ထောက်ပံ့ပေးနိုင်ရန် သီးနှံမျိုးများနှင့်မျိုးရိုးများ ထိန်းသိမ်းခြင်းတွင် အထောက်အကူပြုနိုင်စေရန် အပင်တစ်သျှူးမျိုးပွားသုတေသနလက်တွေ့ခန်း တည်ထောင်ခြင်းနှင့်ပတ်သက်သော အချက်အလက်များမျှဝေပေးနိုင်ရန်စသည့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းအား ၂၀၂၄ ခုနှစ် ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ (၅)ရက်ကြာ၊ အပင်တစ်သျှူးမျိုးပွားနည်းပညာ၏ အခြေခံသဘောတရားများ၊ အမျိုးအစားများ၊ ငှက်ပျောတစ်သျှူး၊ ကြံပင် တစ်သျှူးမျိုးပွားခြင်း စသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှု အခန်းကဏ္ဍတွင် အပင်တစ်သျှူးမျိုးပွားနည်းပညာဖြင့် ဒေသနှင့် လိုက်လျောညီထွေသော အပင်များကို ဗီဇတူများရရှိအောင် ပွားများနိုင်သော နည်းလမ်းများ လေ့လာသိရှိစေနိုင်သည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

**တင်တင်ထွေး**

# စားအုန်းဆီလက်ကားရည်ညွှန်းဈေး အနည်းငယ်တက်



ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုများအရ ယခုတစ်ပတ် ဇွန် ၁၇ ရက်မှ ဇွန် ၂၃ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၃၇၀ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ဇွန် ၁၀ ရက်မှ ဇွန် ၁၆ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၃၆၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် အခြေခံလက်ကားရည်ညွှန်းဈေးသည် ငွေကျပ် ၅၃၇၀ ဖြစ်သဖြင့် ဈေးအနည်းငယ်ပြန်တက်သွားခြင်းဖြစ်သည်။

စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိပါသည်။ (အပေါ်ပုံ)

အပတ်စဉ်ဖော်ပြပေးထားနေသော အခြေခံလက်ကားရည်ညွှန်းဈေးသည် ရန်ကုန်အထိုင်လက်ကားဈေးဖြစ်ပြီး မြန်မာနိုင်ငံအရပ်ရပ်သို့ သယ်ယူပို့ဆောင်ရသဖြင့် မြို့အလိုက် သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ သတ်မှတ်ထားသည့် အမြတ်ရာခိုင်နှုန်းမှလွဲ၍ စားအုန်းဆီများကို ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ခြင်းနှင့် လက်လီဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးဖြင့် ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# ကျောင်းသွားကြမယ်

* ကျောင်းသွားကြစို့ ကျောင်းဖွင့်ပြီ
ဖြူစိမ်းလေးက ဆင်တူသည်။
ညီညီညာညာ စီလို့တန်း
ကျွန်တော်တို့၏ စာသင်ခန်း ။

* ရွှင်လန်းတက်ကြွ အသင့်ပြင်
ကျောင်းတက်ခေါင်းလောင်း
တီးခတ်စဉ်။
စုပေါင်းကာပင် နှုတ်ခွန်းဆက်
မင်္ဂလာပါ သံပြိုင်လျက်။

* လက်ကမ်းပါလို့ နွေးထွေးစွာ
မောင်နှမသားချင်းပမာ ။
ပညာကိုသာ ကြိုးကြိုးစား
ရေးကာဖတ်ကာ သင်ယူသွား။

* ကြိုးစားနိုးကြား တို့လူငယ်
ကြားမြင်ဗဟုသုတကြွယ်။
တတ်ပညာရယ် စုံညီပေါင်း
နောင်တစ်ခေတ်ရဲ့
ခေါင်းဆောင်ကောင်း ။ ။

**ဆုလာဒ်စန္ဒီ(တောင်ကြီး)**

# မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အပိုးတန်ရေ ချွေတာရေး အသိပညာပေးဟောပြော

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် ကျင်းပလျက်ရှိသည်။



အလားတူ အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့်အဖွဲ့သည် ဇွန် ၁၇ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းတွင် "အဖိုးတန်ရေကို ချွေတာကြစေလို" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

(ဝင်း)



## သတင်းပဒေသာ

### သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မိုးရာသီကာလ၌ ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခပ်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မြို့မဈေးရှိ သောက်သုံးရေကန်များတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုအသိပညာပေးလှုံ့ဆော်ရေး Bill Board စိုက်ထူ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ဖြင့် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" လူထုအသိပညာပေးလှုံ့ဆော်ရေး "Bill Board" ကို ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့၊ စာတိုက်လမ်း၊ မီးသတ်ဦးစီးဌာနရုံးရှေ့၊ မြို့မဈေးကြီးအနီးတွင် စိုက်ထူခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသားကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်အသိ ပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက အ·ထ·က(၅) အောင်ဆန်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကို တောင်တွင်းကြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ဇွန် ၁၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်နှင့် ကြိုတင်ကာကွယ်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ဝန်လိတ်ရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၏ ၂၀၂၄ ခုနှစ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက် ၉နာရီက အမှတ်(၅)ရပ်ကွက်၊ မြို့နယ်ပြည်သူ့ဆေးရုံဝန်းအတွင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ အဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူမည်

**မန္တလေး ဇွန် ၁၈**

မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၂၄ခုနှစ်ဇူလိုင်၂၂ ရက် (တနင်္လာနေ့)တွင် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် ကျင်းပမည်။

အဌမအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်းအပါအဝင်နာယကဆရာတော် ၁၃ ပါး၊ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းရဟန်းပညာရှိ (၄၄)ပါး တို့အား မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ လှူဒါန်းသည့် ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေများလှူဒါန်းခြင်း၊နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင်ဝါဆိုမည့် စာသင်သားသံဃာတော် (၃၈၂)ပါးတို့အား တစ်နေ့တာ ဆွမ်းခဲဘွယ်ကပ်လှူ၍ ရေစက်သွန်းချသာဓုအနုမောဒနာခေါ်ဆိုကာလှူဒါန်းကြမည် ဖြစ်သည်။

အဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအတွင် မန္တလေးတက္ကသိုလ်သတ္တဗေဒကျောင်းသားဟောင်း IBEC ဆရာတော် ဘဒ္ဒန္တသောဘိတမှ ဇွန် ၁၇ ရက်က အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ရာ ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေးကော်မတီက လက်ခံရယူခဲ့သည်။

အနယ်နယ်အရပ်ရပ်မှ မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ ပါဝင်တက်ရောက်လှူဒါန်းကြရန် ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)

၀-၀-၀-၀-၀-၀



## ချမ်းအေးသာစံမြို့နယ် ရှင်ဘို့မယ်ဘုရား ဂေါပကအဖွဲ့ ရွေးချယ်တင်မြှောက်

**မန္တလေး ဇွန် ၁၈**

မန္တလေးမြို့လယ်တွင် တည်ရှိပြီး မန္တလေးမြို့တည်သက်တမ်းထက်စောသော ဘုရားတစ်ဆူဖြစ်သည့် ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ ၈၃ လမ်းနှင့် ၈၄ လမ်းကြားရှိ ရှင်ဘို့မယ်ဘုရား၏ ဂေါပကအဖွဲ့ ရွေးချယ်ပွဲကို ဇွန် ၁၆ ရက် ညနေပိုင်းက အဆိုပါဘုရား ဓမ္မသာလာဓမ္မာရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မြို့နယ်သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ၊ မိုးကောင်းတိုက်၊ သုံးထပ်စာချကျောင်း ဆရာတော် ဘဒ္ဒန္တဝိစရက ဩဝါဒကထာနှင့် ရွေးချယ်ရေးဆိုင်ရာများကို ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တက်ရောက်လာကြသူများ၏ ဆန္ဒပြုထောက်ခံမှုဖြင့် ဥက္ကဋ္ဌ ဦးကျော်သူ(အကွက် ၅၈၆) ပါ ဂေါပကအဖွဲ့ဝင် ၂၃ ဦးကို ရွေးချယ်တင်မြှောက်၍ ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒပေးတော်မူကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း အခမ်းအနားရုပ်သိမ်းသည်။

အဆိုပါ ဘုရားကို "မင်းဆက်ငါးသွယ် ရှင်ဘို့မယ် နန်းလယ်တင့်သည်သာ" ဆိုသည့် အင်းဝနေပြည်တော်တွင် မင်းငါးဆက်တိုင် မိဖုရားကြီးအဖြစ် ချီးမြှင့်မြှောက်စားခြင်းခံရသူ စောဘို့မယ် (ခေါ်) ရှင်ဘို့မယ်က သက္ကရာဇ် ၇၉၂ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့သည်။ ဘုရား၏ အနောက်ဘက်တွင် ခတ္တိယအနွယ်ဝင်များ နေထိုင်ရာ ခတ္တိယဝင်း တည်ရှိပြီး ခတ္တိယရွာဦးထိပ်၌ တည်ထားသည့်အတွက် ရှေးယခင်လူများက ခတ္တိယဘို့မယ်ဘုရားဟု ခေါ်တွင်ခဲ့ကြသော်လည်း ယခုအခါ ခတ္တိယ ပျောက်၍ ရှင်ဘို့မယ်ဘုရားဟုသာ ခေါ်တွင်ကြသည်။ ရှင်ဘို့မယ်ဘုရားသည် မန္တလေးမြို့တည်သက်တမ်းထက်စောသော ဘုရားတစ်ဆူဖြစ်ပြီး လိုဏ်ဂူဘုရားဖြစ်၍ ရုပ်ပွားတော်တစ်ဆူပူဇော်ထားကာ ဉာဏ်တော် အတောင်သုံးဆယ်ကျော် ရှိသည်။ စေတီတော်၏ပတ်လည်တွင် ခေတ်အဆက်ဆက်ရုပ်ပွားဆင်းတုတော်များကို ပူဇော်ထားရှိပြီး ဝါတွင်းကာလ သီလပွဲများ၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ၊ သီတင်းကျွတ်လတွင် ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၇၂)

**မျက်စိလှူကြ မျက်ကြည်ရ မြတ်သည့် လှူဒါန်း။**

## သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့၊ ဆေးရုံများတွင် ကျန်းမာရေးစစ်ဆေးပေး

**မန္တလေး ဇွန် ၁၈**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက် ဇွန် ၁၇ ရက်က မြို့တော်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ဒေါက်တာကြည်ကြည်သိန်းအား ဆေးရုံသို့သွားရောက်၍ ကျန်းမာရေးထောက်ပံ့ငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံဆရာဝန်အသင်းသက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ အတွင်းရေးမှူးဒေါက်တာအောင်မင်းနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မောင်မောင်သန်းတို့က ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်းမာရေးမေးမြန်းအားပေးစကားများ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့က ကြီးမှူး၍အသက် ၇၀ နှစ်အထက် သက်ကြီး ဆရာဝန်ကြီးများအား မန္တလေးမြို့ရှိ ပုဂ္ဂလိကဆေးရုံကြီးများတွင် Medical CheckUp ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၇ ရက်က ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ မြတ်သုခဆေးရုံတွင် သက်ကြီးဆရာဝန်ကြီး၆၀ဦးအား Investigation (၉)မျိုးအား အခမဲ့ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(၀၄၅)

# တီဘီရောဂါ ကာကွယ်ရေးဆိုင်ရာ ရှောင်ရန်၊ ဆောင်ရန်များ

တင်ထက်ထက်ဇော်

တီဘီရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး ကမ္ဘာပေါ်တွင် ကူးစက်ရောဂါများကြောင့် သေဆုံးရမှုများထဲတွင် ဒုတိယအများဆုံး အကြောင်းရင်းဖြစ်သည်။ တီဘီရောဂါသည် Mycobacterium Tuberculosis (Mtb)(ခေါ်) ဘက်တီးရီးယားတီဘီရောဂါပိုးကြောင့် ဖြစ်ပွားလာပြီး အဆုတ်ကို ထိခိုက်ပျက်စီးစေသော ရောဂါ တစ်ခုဖြစ်သည်။ ထိုရောဂါပိုးကို ဂျာမန်သိပ္ပံပညာရှင် Dr.Robert Koch ဆိုသူက ရှာဖွေတွေ့ရှိခဲ့ပါသည်။ တီဘီရောဂါသည် ၄င်းလူနာ၏ ပုံမှန်အသက်ရှူထုတ်မှု၊ ခပ်ပြင်းပြင်းအသက်ရှူထုတ်မှုနှင့် ချောင်းဆိုးမှုတို့မှ ထွက်ပေါ်လာသည့် အရည်အမှုန်များထဲတွင် ပါရှိနေသော Mtb ဘက်တီးရီးယားများကြောင့် ကူးစက်ပျံ့နှံ့နိုင်သည်။

ထို့ကြောင့် တီဘီရောဂါသည် လေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်၍ ချောင်းဆိုးခြင်း၊ စကားပြောခြင်း၊ နှာချေခြင်း၊ တံတွေးထွေးခြင်း၊ ရယ်မောခြင်း၊ သီချင်းဆိုခြင်း စသည်တို့ ပြုလုပ်နေစဉ် ရောဂါကူးစက်စေနိုင်သည်။ ထို့ကြောင့် တီဘီရောဂါရှိသူနှင့် ဆက်ဆံမှုရှိနေကြသော ကလေးများနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ရောဂါကူးရန် ပိုမိုအန္တရာယ်ရှိ၍ အထူးသတိရှိရန် လိုအပ်သည်။ ထို့ပြင် တီဘီရောဂါပိုးသည် ကျောက်ကပ်၊ ကျောရိုးနှင့် ဦးနှောက်အပါအဝင် ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများကိုလည်း ပျက်စီးစေနိုင်သကဲ့သို့ ကိုယ်ခန္ဓာ၏ ဂလင်းအကျိတ်များ၊ အရိုးများ၊ အာရုံကြော စသည့် မည်သည့်အစိတ်အပိုင်းကိုမဆို ပိုးဝင်ရောက်နိုင်ပါသည်။

**ပညာရှင်များ၏ သုံးသပ်ချက်**

ကမ္ဘာပေါ်တွင် ၂၀၂၂ ခုနှစ်စာရင်းအရ တီဘီလူနာ ၁၀ ဒသမ ၆ သန်း ရှိခဲ့သည်။ တစ်နည်းအားဖြင့် လူတစ်သိန်းလျှင် ၁၃၃ ဦး တီဘီရောဂါခံစားနေကြရကြောင်း၊ တီဘီလူနာအားလုံးထဲက ၁ ဒသမ ၃ သန်း နှစ်စဉ် သေဆုံးခဲ့ကြောင်းနှင့် အဆိုပါနှုန်းထားအရ တစ်ရက်လျှင် တီဘီလူနာ ၃၅၀၀ နှုန်းသေဆုံးနေကြောင်း ပညာရှင်များက ခန့်မှန်းသုံးသပ်ထားသည်။ ထို့ပြင် တီဘီလူနာတစ်ဦးရောဂါရှာဖွေခြင်းမှသည် ပျောက်ကင်းသည်အထိ အမေရိကန်ဒေါ်လာ ပျမ်းမျှ ၇၁၆ ဒေါ်လာကုန်ကျကြောင်း ပညာရှင်များက ခန့်မှန်းတွက်ချက်ထားသည်။


**သတိထားသင့်သော ဆေးယဉ်ပါးတီဘီရောဂါ**

ဆေးယဉ်ပါးတီဘီ ရောဂါဆိုသည်မှာ တီဘီကုသရာတွင် သုံးလေ့ရှိသော ပဋိဇီဝဆေးတစ်မျိုးသို့မဟုတ် တစ်ခုထက်ပိုသော ဆေးအမျိုးအစားများကို ခုခံနိုင်ရည်ရှိလာသော တီဘီမျိုးကွဲများကို ဆိုလိုသည်။ တီဘီမဖြစ်ဖူးသေးသူ ပျမ်းမျှ ၁၀၀ လျှင် ငါးဦးခန့် ဆေးယဉ်ပါးတီဘီကူးစက်နိုင်ခြေရှိပြီး၊ တီဘီဖြစ်ဖူးသူများ၌ ပျမ်းမျှ ၁၀၀ လျှင် ၂၇ ဦးခန့် ဖြစ်နိုင်ခြေရှိသည်။ ဆေးယဉ်ပါးတီဘီရောဂါ လက္ခဏာများမှာ (က) ဆေးကုသချိန် ကြာမြင့်သည်။ (ခ)တချို့သူများတွင် ကုသသည့် ဆေးအမျိုးအစားပေါ်လိုက်၍ တစ်နှစ်မှ နှစ်နှစ်အထိ ဆေးကုသချိန် ကြာတတ်သည်။ (ဂ) ဆေးကုသရာတွင်သုံးသော ပိုးသတ်ဆေးများ၏ အာနိသင်ကို ပိုခံစားရကာ ပျို့ခြင်း၊ အန်ခြင်းဖြစ်တတ်သည်။

**မြန်မာနိုင်ငံနှင့် တီဘီရောဂါအခြေအနေ**

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တီဘီ၊ တီဘီ+အိပ်ချ်အိုင်ဗွီနှင့် ဆေးယဉ်ပါးတီဘီရောဂါအဖြစ်အများဆုံးနိုင်ငံ ၃၀ တွင် ပါဝင်နေသည်။ ၂၀၂၁ ခုနှစ် စာရင်းဇယားများအရ မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းလျှင် တီဘီလူနာသစ် ဖြစ်ပွားနှုန်း ၃၀၈ ဦးရှိပြီး သေဆုံးနှုန်း ၃၃ ဦးရှိသည်ဟု ခန့်မှန်းထားသည်။ WHO ၏ Global TB report (2023)အရ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေတစ်သိန်းတွင် တီဘီလူနာသစ်ဖြစ်ပွားနှုန်း ၄၇၅ ဦးရှိပြီး သေဆုံးနှုန်း ၈၀ ခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ၂၀၂၃ ခုနှစ်တွင် တီဘီလူနာ တစ်သိန်းနှစ်သောင်းကျော် ရှာဖွေကုသမှုပေးနိုင်ခဲ့ပြီး ဆေးကုသအောင်မြင်မှုနှုန်း ၈၈ ရာခိုင်နှုန်းရှိခဲ့သည်။

ထို့ကြောင့် တီဘီရောဂါသည် ကုသပျောက်ကင်းနိုင်သည့် ရောဂါတစ်ခုဖြစ်သည့်အတွက် စောစီးစွာ ရှာဖွေဖော်ထုတ်နိုင်ပါက ပြည်သူလူထုအတွင်း



တီဘီရောဂါကူးစက်ပြန့်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

တီဘီရောဂါဖြစ်ပွားမှုသည် လူဦးရေထူထပ်သော ရန်ကုန်တိုင်းဒေသကြီး၌ အများဆုံးဖြစ်ပြီး တီဘီရောဂါဖြစ်ပွားမှု နည်းပါးသော ဒေသများတွင်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း မရှိသည့် လူနာများရှိနိုင်သဖြင့် ရောဂါဖြစ်ပွားမှုထိန်းချုပ်ရေးကို ယခုထက် ပိုမိုလုပ်ဆောင်ကြရဦးမည် ဖြစ်သည်။ သို့ရာတွင် ဝေဒနာရှင်အချို့အနေဖြင့် ၄င်းတို့၏ လူမှုစီးပွားရေးအခြေအနေ၊ တီဘီဆေးသောက်သုံးမှုအပေါ် အလေးမထားမှု၊ နေထိုင်စားသောက်မှုပုံစံ မဆင်ခြင်မှုများနှင့် ဆက်နွယ်နေသော ဆေးယဉ်ပါးတီဘီဖြစ်ပွားမှုတို့က အဓိကပြဿနာတစ်ရပ် ဖြစ်နေသေးသည်။

**ရောဂါလက္ခဏာများ**

ရက်သတ္တနှစ်ပတ်နှင့်အထက် ချောင်းဆိုးခြင်း (တစ်ခါတစ်ရံ သွေးပါတတ်)၊ ချောင်းဆိုးသည့်အခါ သလိပ်နှင့်သွေးစသွေးနများပါခြင်း၊ ရင်ဘတ်အောင့်ခြင်း(သို့မဟုတ်)အသက်ပြင်းပြင်းရှူလျှင် ရင်ဘတ်အောင့်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း၊ ဖျားခြင်း(အဖျားမကြီးဘဲ တငွေ့ငွေ့ဖျားခြင်း)၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ အစားအသောက်ပျက်ခြင်း၊ ညနေပိုင်းတွင် တငွေ့ငွေ့ဖျားခြင်း၊ ညအခါတွင် ချွေးအလွန်ထွက်ခြင်း စသည်တို့သည် တီဘီရောဂါလက္ခဏာများ ဖြစ်ကြသည်။ ထို့ကြောင့် ရက်သတ္တနှစ်ပတ်နှင့်အထက် ချောင်းဆိုးလျှင်ဖြစ်စေ၊ ချောင်းဆိုးသွေးပါလျှင်ဖြစ်စေ ဆရာဝန်ဖြင့် မဖြစ်မနေ ပြသရန်လိုအပ်သည်။

ထိုအခါ ဆရာဝန်က ရင်ဘတ်ကို ဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ဆေးခြင်း၊ သလိပ်စစ်ဆေးခြင်း၊ ကွန်ပျူတာဓာတ်မှန်(CT) ရိုက်ခြင်း၊ သံလိုက်ဓာတ်မှန်(MRI) ရိုက်ခြင်း၊ ခါးဆစ်ရိုးဖောက်စစ်ဆေးခြင်း စသောနည်းများကို လိုအပ်သလိုအသုံးပြု၍ ရောဂါစစ်ဆေးမှုများ ပြုလုပ်ပေးပါလိမ့်မည်။ ဝေဒနာအပြင်း၊ အပျော့ပေါ်မူတည်၍ ကုသရာတွင် မတူညီသော ပိုးသတ်ဆေးများကို ပေါင်းစပ်အသုံးပြုခြင်း၊ ဆေးကို ခြောက်လတိတိ သောက်ရခြင်းနည်းဖြင့် ကုသပေးကြရပြီး ဆေးယဉ်ပါးတီဘီရောဂါဖြစ်ပွားလျှင် ကုသမှုကာလမှာ နှစ်နှစ်ခန့်အထိ ရှည်ကြာနိုင်သဖြင့် မပေါ့ဆသင့်ဘဲ ဖွံ့ဖြိုးကုသမှုခံယူသင့်ပါသည်။

**ကြိုတင်ကာကွယ်ခြင်း**

ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုထိရောက်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါမဖြစ်အောင် BCG vaccine ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကာကွယ်ဆေးကို တီဘီကူးစက်ရန် အခွင့်အလမ်းများသည့်သူများ၊ ထိုရောဂါအဖြစ်များသည့် နိုင်ငံတွင် နေထိုင်ခဲ့သည့် ကလေးငယ်နှင့် ကျန်းမာရေးဝန်ထမ်းများ စသည်တို့တွင် အဓိကထိုးနှံပေးလေ့ရှိသည်။ မိဘပြည်သူများအနေဖြင့် ကာကွယ်ဆေးများကို မပျက်မကွက် ထိုးနှံခံယူကြဖို့လိုအပ်သည်။ ထို့ပြင် ချောင်းဆိုးသောအခါတွင်လည်း လက်ကိုင်ပဝါနှင့် ပါးစပ်ပိတ်၍ ချောင်းဆိုးခြင်း၊ မိမိတံတွေးကို နေရာတကာမထွေးဘဲ အဖုံးရှိသော ခွက်တွင် စနစ်တကျထွေးထုတ်ခြင်း၊ ၄င်းတံတွေးများကို မီးရှို့ခြင်း၊ မြေမြှုပ်ခြင်း၊ လေဝင်လေထွက် ကောင်းမွန်သောအခန်းတွင်နေထိုင်ခြင်း စသည့်နည်းတို့ဖြင့် တစ်ဦးမှတစ်ဦးသို့ ရောဂါမကူးအောင် ကာကွယ်တတ်ဖို့အရေးကြီးသည်။

**ရှောင်ရန်အစားအစာများ**

အရက်နှင့် အယ်လ်ကိုဟောလ်ပါဝင်သော မည်သည့်အချိုရည်များကိုမဆို ရှောင်ရှားသင့်ပါသည်။ ကာဖိန်းပါသော အချိုရည်များကိုလည်း မသောက်ပါနှင့်။ ကဖိန်းဓာတ်များသော လက်ဖက်ရည်၊ ကော်ဖီတို့အပြင် ကဖိန်းဓာတ်ပါသော အစားအစာများကို ရှောင်ပါ။ ဆေးလိပ်၊ ဆေးရွက်ကြီးများကလည်း တီဘီရောဂါကို ပိုမိုဆိုးရွားစေနိုင်သည်။ ဆားနှင့်အငန်ဓာတ်လွန်ကဲသော အစာများ မစားသင့်ပေ။ အသားခြောက် အမျိုးမျိုး ချိုဖ(ခေါ်)ဒိန်ခဲ၊ တူနာငါးတို့ကလည်း တီဘီရောဂါအတွက် ဘေးဖြစ်စေပါသည်။ ရေခဲရေ ရှောင်ပါ။

**ဆောင်ရန်အစားအစာများ**

တီဘီရောဂါကို သက်သာပျောက်ကင်းစေနိုင်သော သဘာဝကုထုံးဓာတ်စာများရှိကြသည်။ သို့သော် သန့်ရှင်းလတ်ဆတ်ရန်လိုအပ်ပြီး ဓာတ်ပစ္စည်းကင်းဝေးသည့် အစားအမျိုးဖြစ်ရပါမည်။ ပဲပိစပ်က တီဘီရောဂါဖြစ်စေတတ်သော ဘက်တီးရီးယားတို့ကို တိုက်ထုတ်ပေးကာ ကိုယ်ခံစွမ်းအားကိုလည်း တိုးတက်ကောင်းမွန်စေသည်။ ပရိုတင်းဓာတ်ကြွယ်ဝသော နွားနို့ကို နေ့စဉ်သောက်ပါ။ ကြက်ဥစားပေးခြင်းဖြင့်လည်း ပရိုတင်းဓာတ် လုံလောက်စွာ ရရှိနိုင်ပါသည်။ ခွန်အားပြည့်စေသော ဆန်(ထမင်း)၊ ကောက်နှံအမျိုးမျိုး ဂျုံ၊ မြေပဲ စားပေးပါ။ ဗီတာမင်စီကြွယ်ဝသော မာလကာသီးကလည်း ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကို သန့်စင်ပေးပြီး တီဘီရောဂါအတွက် ဓာတ်စာတစ်မျိုး ဖြစ်သည်။ ဌက်ပျောသီး၊ သရက်သီး၊ သဘော်သီး၊ တရုတ်ဆီးသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ ရွှေဖရုံသီး၊ ရွှေဖရုံစေ့ စသည့် အဝါရောင်တောက်တောက် သစ်သီးများထဲတွင် ဗီတာမင်အေ ပါရှိနေပြီး တီဘီရောဂါအတွက် ကောင်းကျိုးပြုသည်။ ခရမ်းချဉ်သီး၊ ပန်းဂေါ်ဖီစိမ်း စားပေးပါ။ ဗီတာမင်ဘီဓာတ်ပေါင်းစုများဖြစ်သော နေကြာစေ့၊ လျှော်စေ့နှင့် ငါးအမျိုးမျိုး၊ ကြက်သားတို့ကလည်း တီဘီရောဂါသည်များကို ကောင်းကျိုးပြုပေးနိုင်သည်။ ဇင့်ဓာတ်က တီဘီရောဂါအတွက် လွန်စွာကောင်းကျိုးပြု၍ ၄င်းဓာတ်ကြွယ်ဝသော အစားအစာများ ဖြစ်ကြသည့် ရွှေဖရုံစေ့၊ နေကြာစေ့ အပါအဝင် အခွံမာသီးအစေ့အဆန်များကို နေ့စဉ် လက်တစ်ဆုပ်စာ စားပေးသင့်သည်။ အခါးဓာတ်ရှိသော ဆင်တုံးမနွယ်နှင့် တမာပင်တို့က တီဘီရောဂါဖြစ်စေသော ရောဂါပိုး (Mycobacterium Tuberculosis) ကို ထိထိရောက်ရောက် နှိမ်နင်းပေးနိုင်သည်။ တီဘီရောဂါသည်များအနေဖြင့် ရေနွေးပူပူကိုသာ သောက်သုံးသင့်ပါသည်။

အချုပ်ဆိုရလျှင် လူသားတို့၏ ကျန်းမာရေးအသိ၊ သတိရှိမှုက အဓိကကျသည်။ ကံကောင်းသည်မှာ တီဘီကအလွယ်တကူ ရောဂါကူးစက်စေနိုင်သော်လည်း ရောဂါဖြစ်ပွားသူ၏ ၈၅ ရာခိုင်နှုန်းခန့်ကို ခြောက်လ ဆေးဝါးသောက်ခြင်းဖြင့် အောင်မြင်စွာ ကုသနိုင်ပါသည်။ သို့သော် ရောဂါလက္ခဏာများ ပျောက်သွားသော်လည်း ကုသမှုကို အပြည့်ခံယူရန် အရေးကြီးပါသည်။ ဆေးသောက်ခြင်းကို အချိန်မပြည့်မီ ရပ်တန့်လိုက်ပါက ဘက်တီးရီးယားသည် ခန္ဓာကိုယ်ထဲတွင် ကျန်ရှိနေပြီး၊ တီဘီပြန်ဖြစ်သောအခါ ခန္ဓာကိုယ်၏ အခြားနေရာများသို့ ပျံ့နှံ့တတ်ပါသည်။

ထို့ကြောင့် အများပြည်သူတို့အနေဖြင့် တီဘီရောဂါကာကွယ်ရေးဆိုင်ရာ ရှောင်ရန်၊ ဆောင်ရန်များကို အတိအကျ လိုက်နာလုပ်ဆောင်နိုင်မှသာ လေထုထဲတွင်ပါလာသော တီဘီရောဂါပိုးကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ရောဂါရှိသူနှင့် အနီးကပ်ထိတွေ့ရသူများနှင့် မိသားစုဝင်များကိုလည်း ဆေးစစ်ကြည့်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကျင်းပ

**မြစ်သား ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကို ဇွန် ၁၇ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ အဖွဲ့ဝင် ဒေါ်ထွန်းထွန်းမော်(တရားလွှတ်တော်ရှေ့နေ)က ကလေးအလုပ်သမားနှင့်ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် အရေးကြီးပုံအကြောင်း၊ ကလေးအလုပ်သမားတွေ လျော့နည်းပပျောက်အောင်ကလေးများကို အကာအကွယ်ပေးရမည့်အကြောင်းအရာများ၊ ကလေးများကို ကြမ်းတမ်းသောအလုပ်၊ အန္တရာယ်ရှိသော အလုပ်နှင့် ခေါင်းပုံဖြတ်ခံရသည့်လုပ်ငန်းမျိုးမှ အကာအကွယ်ပေးရန်နှင့် ကလေးများ၏ ကျန်းမာရေးနှင့် ပညာရေးတို့ကို ထိခိုက်စေမည့် အလုပ်မျိုးမလုပ်ရစေရန် တားဆီးကာကွယ်ပေးရမည်ဖြစ်ကြောင်း၊ ကလေးအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ပေးသည့် သက်ဆိုင်သည့် ဥပဒေများအကြောင်းနှင့် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အနေဖြင့် ပြစ်မှုကြောင်းနှင့် တရားစွဲဆိုခံထားရသော ကလေးသူငယ်များ၊ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ကလေးသူငယ်များအတွက် လိုအပ်သော ဥပဒေအထောက်အကူပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း စသည့် အကြောင်းအရာများကို အကျယ်တဝင့်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။




မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် Online မှတစ်ဆင့် ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။(အပေါ်ဝဲပုံ)

**ရဲနိုင်ဦး(မြစ်သား)**



# တောင်ကြီးမြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ပြုလုပ်

**တောင်ကြီး ဇွန် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်တွင် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၄ ခုနှစ်၊ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၅ ရက် နံနက်ပိုင်းက တောင်ကြီး ထင်းကြိုးဝိုင်းအတွင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ် ပြည်နယ်အဆင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများတွင် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသော လှိုင်ခမ်းအိမ်ရာစီမံကိန်း၊ စိန်နှင်းဆီကုမ္ပဏီမှ တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာသူများကို ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စိုက်ပျိုးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေပြီး ရာသီဥတု ညီညွတ်မျှတမှုရှိစေရန် ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ချယ်ရီ၊ ထင်းရှူး၊ မာတာကွတ်၊ စွယ်တော်၊ အာဖရိကန်ကျူးလစ် ဟူသည့် ပျိုးပင်ပေါင်း ၁၁၀၀ ကို ပြည်သူလူထုအင်အား ၁၁၀၀ က စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကျော်စောဦး(မောရှမ်းမြေ)**

# စားသုံးဆီဖူလုံရေး နှမ်း ၁၉၃၉၂ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း ဇွန် ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေစေရန် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံများဖြစ်သည့် ငရုတ်၊ ဖူးစားပြောင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နေကြာနှင့် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးလျက်ရှိရာ စားသုံးဆီ ဖူလုံရေး နှမ်းများကိုလည်း စိုက်ပျိုးလျက်ရှိသည်။

တပ်ကုန်းမြို့နယ်တွင် နှမ်းစိုက်ခင်းများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ မျိုးစေ့ကုန်ကျမှုသက်သာနိုင်ရေး၊ အပင်ဖြစ်ထွန်းကောင်းမွန်နိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်းစိုက်ပျိုးကြောင်း၊ ဆီထွက်သီးနှံ နှမ်းကို ၁၉၃၉၂ ဧက လျာထားစိုက်ပျိုး၍ ၃၀၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် နှမ်းရိတ်သိမ်းချိန်မှာ ဈေးကောင်းရရှိရေးမျှော်လင့်ကြောင်း နှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **(အောက်ယာပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀



# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ

**စဥ့်ကိုင် ဇွန် ၁၈**

၂၀၂၄ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ တရုတ်စုရပ်ကွက်ရှိ အ·လ·က(ခွဲ) (တရုတ်စု) ကျောင်းခန်းမ၌ ဇွန် ၁၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။



ရှေးဦးစွာ အ·လ·က(ခွဲ) (တရုတ်စု)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကလေးငယ်များ အသိပညာဗဟုသုတရရှိစေရေး၊ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို သိရှိစေရန်ရည်ရွယ်၍ ယခုလို ဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ လက္ခဏာများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များအား ပြန်လည်မေးခဲ့ရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော အသိပညာဗဟုသုတစုံလင်သည့် သုတ၊ ရသ စာအုပ်စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၉)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် မြေအောက်ရေအသုံးပြု စိုက်ပျိုးသည့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ပွင့်ဖြူ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာ၌ ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် မြေအောက်ရေအသုံးပြုပြီး စီးပွားဖြစ် စိုက်ပျိုးထားရှိသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း အဆိုပါ ကျေးရွာရှိ ဒေသခံတောင်သူများထံမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာ၌ ဒေသခံတောင်သူလေးဦး စုပေါင်းပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းချေးငွေဖြင့် ဆိုလာခါတ်အားပေးစနစ်တွဲဖက်အသုံးပြုပြီး မြေအောက်ရေရယူကာ စပါးသီးနှံအပါအဝင် နွေစပါးသီးနှံစိုက်ဧက (၆)ဧကစိုက်ပျိုးထားရှိပြီး ယခုအခါ နွေစပါးစိုက်ခင်းများမှာ စိုက်ပျိုးရေလုံလောက်စွာရရှိမှုကြောင့် အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။ ထို့သို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် နွေစပါးသီးနှံ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် အထွက်နှုန်းကောင်းမွန်သော စပါးမျိုးကောင်းမျိုးသန့်များကို ထောက်ပံ့ပေးပြီး လိုအပ်သော စိုက်ပျိုးရေးနည်းပညာများနှင့် စိုက်ပျိုးရေးသွင်းအားစုပစ္စည်း စနစ်တကျ သုံးစွဲနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။ **(အောက်ပုံ)(၄၄၅)**



# လူထုအခြေပြုဗဟိုဌာန၌ (Book Club) အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်း ကျင်းပ



**ပျဉ်းမနား ဇွန် ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် စာရေးဆရာ သက်လုံ ရေးသားထားသည့် "ဘဝအောင်မြင်ရေး ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင်" စာအုပ်အား စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်များဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါစာဖတ်ဝိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စာရေးဆရာ သက်လုံ ရေးသားထားသည့် "ဘဝအောင်မြင်ရေး ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင်" စာအုပ်ပါ အကြောင်းအရာများအား မိတ်ဆက်ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော Book Club အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များက စာရေးဆရာ သက်လုံ ရေးသားထားသည့် "ဘဝအောင်မြင်ရေး ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင်"စာအုပ်မှ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်ရုံးအနေဖြင့် စာဖတ်ဝိုင်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်နေလျက်ရှိပြီး ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် Online မှတစ်ဆင့် အသိပညာပေးအစီအစဉ်များကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်၌ မဲဇလီ ဆည်ရေဖြင့် ကြံသီးနှံများ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်၊ မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူဦးကြီးများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကြံသီးနှံ ၈ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေကို အမှီပြုပြီး သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ပြီး ကြံသီးနှံကို ၈ ဧက စိုက်ပျိုးသွားရန် လျာထားရှိပြီး ဒေသခံတောင်သူများက လျာထားစိုက်ဧက ပြည့်မီစေရေးအတွက် မေလ ဒုတိယပတ်ကစပြီး စိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကြံစိုက်ဧက ၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွက် ဒေသခံတောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီးတော့ ကြံသီးနှံ (၈) ဧက စိုက်ပျိုးရန် လျာထားပါတယ်။ ဒေသခံတောင်သူတွေက သတ်မှတ်လျာထားဧက ပြည့်မီစေဖို့ မြေအောက်ရေနဲ့ မေလ ဒုတိယပတ်ကစပြီး စိုက်ပျိုးခဲ့ကြလို့ ယခုဆိုရင် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးပြီးစီးသွားပြီ ဖြစ်ပါတယ်။ ကြံသီးနှံ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့အတွက် စိုက်နည်းစနစ်မှန်ကန်စေရေး၊ လိုအပ်တဲ့ စိုက်ပျိုးရေး သွင်းအားစုပစ္စည်းတွေ အချိုးကျမှန်ကန်စွာ သုံးစွဲတတ်စေရေး စတဲ့ တောင်သူပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောပြသည်။

အဆိုပါ ကြံသီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် အခြားသီးနှံများထက် စိုက်ပျိုးစရိတ် အရင်းအနှီးနည်းပြီး ဈေးကွက် ကောင်းမွန်သဖြင့် ဒေသခံတောင်သူများက နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံသီးနှံစိုက်ပျိုးခြင်းကို အားထားစိုက်ပျိုး လုပ်ကိုင်ကြကြောင်း သိရသည်။ ထိုသို့ ကြံသီးနှံစိုက်ပျိုးရာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများကို အောင်မြင်ဖြစ်ထွန်းမှု ရှိစေရန် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)

၀-၀-၀-၀-၀-၀-၀





# မိတ္ထီလာမြို့နယ်တွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ခင်တဲအုပ်စု၊ ခင်သာကျေးရွာ၌ JICA မှ တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ခင်သာကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ PVC ပိုက် အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်သွားရန်နှင့် ရေကော်မတီဝင်များက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားခဲ့သည်။

မိတ္ထီလာမြို့နယ်၊ ခင်တဲကျေးရွာအုပ်စု၊ ခင်သာကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉ ဒသမ ၈၃ သန်းဖြင့် အကျယ် ၄ ဒသမ ၅ လက်မ PVC အနက်ပေ ၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၁၃၅၀ သွယ်တန်းခြင်း၊ အိမ်သုံးမီတာတပ်ဆင်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်၊ ရေစက်ရုံနှင့် ရေတင်ပိုက်လိုင်း ၂ လက်မ PVC ၂၄၀၀ ပေ သွယ်တန်းခြင်းလုပ်ငန်းများကို မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄ ခုနှစ် ဇွန်လ ပထမအပတ်မှစ၍ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၄၆၉)

# ပြည်ပသို့ ပြောင်းတင်ပို့မှုလျာထားချက်ထက် တန်ချိန် တစ်သိန်းကျော် တင်ပို့နိုင်ခဲ့



**မန္တလေး ဇွန် ၁၈**

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းများကို ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ပထမသုံးလအတွင်း လျာထားချက်ထက် ပြောင်းတန်ချိန် ၁၀၀၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလတွင် လအလိုက်လျာထားပြီး ပြည်ပသို့ ပြောင်းတင်ပို့ရန် စုစုပေါင်း တန်ချိန် ၃ ဒသမ ၈ သိန်း လျာထားချက်ရှိသော်လည်း ၄ ဒသမ ၇၈ သိန်းတင်ပို့နိုင်ခဲ့သည်ဟု ဆိုသည်။

"လအလိုက် လျာထားချက်အရ ဧပြီလမှာ တန်ချိန် ၁၀၀၀၀၀၊ မေလနဲ့ ဇွန်လ ဒုတိယပတ်အတွင်းမှာ တန်ချိန် ၃၉၀၀၀၀ တင်ပို့နိုင်ခဲ့တော့ စုစုပေါင်း ၄ သိန်းကျော်ဖြစ်လို့ လျာထားချက်ထက် တန်ချိန် ၁၀၀၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်။ လျာထားချက်ကို ကျော်လွန်တင်ပို့နိုင်ခဲ့ပြီး အများဆုံးတင်ပို့တာက ထိုင်းနိုင်ငံပါ"ဟု ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပင်လယ်ရေကြောင်းဖြင့် ပြောင်းတင်ပို့ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ အလုံဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်းစသည့် ဆိပ်ကမ်းများမှတစ်ဆင့် နိုင်ငံတကာသို့တင်ပို့ပြီး မြန်မာ့ပြောင်းကို အိန္ဒိယနှင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ရကြောင်း၊ ထိုင်းနိုင်ငံ၏ပြည်ပကုန်သွယ်ရေးမူဝါဒအရ ၄င်းတို့နိုင်ငံသို့ ပြောင်းတင်ပို့မှုတွင် အချိန်အကန့်အသတ်ဖြင့် အကောက်အခွန်ကင်းလွတ်ခွင့်ပေးထားကြောင်း သိရသည်။

"ထိုင်းက နှစ်စဉ် ဖေဖော်ဝါရီမှ ဩဂုတ်လကုန်ထိ ပြောင်းနဲ့ပတ်သက်လို့ အကောက်အခွန်လွတ်ခွင့်ပြုထားတယ်။ ပြည်တွင်းက ပြောင်းကုန်သည်တွေအနေနဲ့ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိသည့် ဩဂုတ်လကုန်ရက်အတွင်း တင်ပို့နိုင်ရေးအတွက် ဩဂုတ်လအတွင်း တင်ပို့နိုင်ဖို့ ပြောင်းလုပ်ငန်းရှင်များအသင်းက တွန်းအားပေးဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံ၊ ပြောင်းလုပ်ငန်းရှင်များအသင်း အဖွဲ့ဝင်တစ်ဦးက ပြောသည်။

သင်္ကြန်ပွဲတော်အပြီး နောက်ပိုင်း ပြည်ပသို့ ပြောင်းတင်ပို့နေခြင်းကြောင့် ဝယ်လိုအားကောင်းနေသဖြင့် ပြောင်းဈေးမှာလည်း မြင့်တက်လာရာ သင်္ကြန်မတိုင်မီက ပြောင်းတစ်ပိဿာ လက်ကားဈေး ငွေကျပ် ၁၀၄၀ ရှိရာမှာ လက်ရှိတွင် ငွေကျပ် ၁၄၀၀ ကျော် ပေါက်ဈေးရှိလာကြောင်း၊ ယခုထွက်ရှိသည့် ပြောင်းများမှာ ဆောင်းရာသီစိုက် ဆောင်းပြောင်းများဖြစ်၍ ယင်းပြောင်းများ လက်ဝယ်ရှိသူ၊ ဧကများစွာ စိုက်ပျိုးသူများ အကျိုးခံစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-ဇ)

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၉၈)၊ ဦးပိုင်အမှတ်(စ-ဆ)၊ ဧရိယာ(၀ ဒသမ ၀၈၉၆)ကေ အကျယ်အဝန်းရှိသော ဦးသာကြွယ် အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ အရှေ့မြောက်ဘက်ခြမ်း ဧရိယာ(၂၇×၂၇)ပေ အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၁-၉-၂၀၂၀)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အမွေဆက်ခံစာချုပ်အမှတ်(၃၅၇၄/၂၀၂၀)အရ တရားဝင်ပိုင်ဆိုင်သူ ဒေါ်ထွေးမြင့်(ဘ)ဦးဘထွန်း(၉/မနမ(နိုင်)၀၇၆၃၅၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
Office-**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် ၂၀လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**Ladylawyer.khinninisoe@gmail.com**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၁)၊ ဦးပိုင်အမှတ်(၁၁-ဃ)၊ ဧရိယာ(၀ ဒသမ ၀၃၇၀)ကေ အကျယ်အဝန်းရှိသော ဒေါ်သန်းတင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ အနောက်ဘက်ခြမ်း ဧရိယာ(၂၀×၄၂)ပေ အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၀-၉-၂၀၂၂)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါအမှတ်(၉၁၁၈/၂၀၂၂)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်သက်ဝေနှင်း(ဘ)ဦးကျော်မောင်(၉/အမဇ(နိုင်)၀၅၀၇၉၃)၊ (၂)ဒေါ်မိုးသူ(ဘ)ဦးကြည်(၉/မနတ(နိုင်)၀၀၃၆၇၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
Office-**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် ၂၀လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**Ladylawyer.khinninisoe@gmail.com**

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်(၆၆၅)၊ ဦးပိုင်အမှတ်(၃၆)၊ ဧရိယာ(၀ ဒသမ ၀၂၆၈)ကေ အကျယ်အဝန်းရှိသော ဦးမောက် အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ အရှေ့ဘက်ခြမ်း ခဲစင်းပြဧရိယာ(၀ ဒသမ ၀၁၃၄)ကေ အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အာရ်စီ (၃)ထပ်အဆောက်အအုံ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဒေါ်ကြည်ကြည်သိန်း(ဘ)ဦးအေး(၅/ကဘလ(နိုင်)၀၉၃၅၈၃)၊ (၂)ဦးအောင်ကျော်ကျော်(ဘ)ဦးပြေအောင်(၉/မနမ(နိုင်)၁၁၄၃၇၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
Office-**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် ၂၀လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**Ladylawyer.khinninisoe@gmail.com**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၀)၊ ဦးပိုင်နံပါတ်(၃၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်တင်ညွန့်(ခ)ဒေါ်ညွန့်ညွန့် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးမျိုးတင်ကိုဦး(ဘ)ဦးသန်းဌေးဦး(၁/မကတ(နိုင်)၁၀၃၁၈၂)နှင့် ဒေါ်ခင်ရတနာဦး(ဘ)ဦးလှဦး(၁၄/ဒဒရ(နိုင်)၂၀၄၁၀၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးစိန်မြင့်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၂၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ခဲ့သူ (မိခင်)ဒေါ်ခင်လှ ကွယ်လွန်သွားသဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးစိုးလွင်(ဘ)ဦးမြင့်လွင်(၉/မရတ(နိုင်)၀၉၅၃၀၀)နှင့် ဦးအောင်ကျော်လင်း(ဘ)ဦးမြင့်လွင်(၉/မရတ(နိုင်)၀၉၅၃၀၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၃)၊ ဦးပိုင်နံပါတ်(၆၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးထွန်းမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၂၀×၆၀)ပေထဲမှ မြောက်ဘက်ပိုင်း (၂၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိမြေနေရာချထားပေးခြင်းခံခဲ့ရသူ (ဖခင်)ဦးထွန်းမောင် ကွယ်လွန်သွားသဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများ ဖြစ်ကြသည့် ဒေါ်လုံး(ဘ)ဦးထွန်းမောင်(၉/မနတ(နိုင်)၀၆၃၁၉၄)၊ ဦးအောင်လွင်(ဘ)ဦးထွန်းမောင်(၉/မနတ(နိုင်)၀၆၃၁၉၅)နှင့် ဒေါ်မာတင်(ဘ)ဦးထွန်းမောင်(၉/မနတ(နိုင်)၀၅၇၄၀၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်း/တောင်ရပ်ကွက်၊ အကွက်အမှတ်(၈၅၉)၊ ဦးပိုင်အမှတ်(၂၂/၆) ဧရိယာ(၀ ဒသမ ၀၂၉၉)ဧက လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသည့် (အဘ)ဦးလှထွန်း၏သမီး ဒေါ်လှလှဦး(၁၂/ကမရ(နိုင်)၀၄၄၃၄၇)၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါ နေထိုင်ပိုင်ဆိုင်လျက်ရှိသော ဝိုင်းမြေနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းအချို့မှာ ပျောက်ဆုံးလျက်ရှိနေပါသဖြင့် ကောက်ရတွေ့ရှိသူများမှ အထက်ပါလိပ်စာရှိ ဒေါ်လှလှဦးထံသို့ အမြန်ဆုံး လာရောက်အပ်နှံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်ဝယ်ကိုင်ဆောင်ထားသူမှ လာရောက်အပ်နှံပေးခြင်း မရှိပါဘဲ မိမိတို့၏ သဘောဆန္ဒအရ လက်ဝယ်ကိုင်ဆောင်ထားရှိပါလျှင် ဒေါ်လှလှဦး၏ တရားဝင်ခွင့်ပြုချက်အရ လွှဲပြောင်းထားခြင်းမဟုတ်ပါကြောင်းနှင့် အဆိုပါစာရွက်စာတမ်းများကို ကိုင်ဆောင်သူမှ အများပြည်သူတစ်ဦးဦးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်းစသည့် လွှဲပြောင်းခြင်းဆိုင်ရာအရပ်ရပ်နှင့် ပတ်သက်၍ ပြုမူဆောင်ရွက်ခဲ့ပါလျှင် ဒေါ်လှလှဦးမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်သလို အထက်ဖော်ပြပါ ဝိုင်းမြေနှင့် ပတ်သက်၍ မည်သည့်နည်းနှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း ဒေါ်လှလှဦးမှ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်လှလှဦး**

**လွှဲအပ်ချက်အရ-**
**ဒေါ်သန္တာမြင့်၊ ဒေါ်အေးမြတ်ကေသီ**
**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း ၀၉-၂၅၆၁၂၁၆၁၀၊ ၀၉-၄၀၀၃၀၆၇၁၃**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အ·ထ·က(၁၂)၊ G-12 မှ မောင်ခန့်မှူးအောင်၏ ဖခင်အမည်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအောင်သူစိုး ဖြစ်ပါသည်။

**ဦးအောင်သူစိုး**
**(၉/ခအစ(နိုင်)၀၁၇၉၅၅)**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၅)၊ ဦးပိုင်အမှတ်(၁၉)၊ ၆၀Bလမ်းနှင့် ၆၁လမ်းကြား၊ စံပြလမ်းနှင့် သခင်ဖိုးလှကြီးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော သားဖြစ်သူ ဦးရဲမြင့်(လူပျိုကြီးဘ၀)ဖြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၁၃၉၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် မိဘများဖြစ်သော ဦးယွန်းရှိုး၊ ဒေါ်ရွှင်ဖန်တို့ (၂)ဦးအနက် ဦးယွန်းရှိုးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၁၄၀၄/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်ရွှင်ဖန်(၉/မရမ(နိုင်)၀၇၁၆၀၂)က အမှုတွဲအမှတ်(၁၆၆၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၅)၊ ဦးပိုင်အမှတ်(၄၈)ခဲစင်း၊ ၆၀Bလမ်းနှင့် ၆၁လမ်းကြား၊ ဘုရင့်နောင်လမ်းနှင့် ကျန်စစ်သားလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးရန်ရှင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၄၃၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်တင်ဥ(၉/သစန(နိုင်)၀၀၂၁၆၈)၏ (GPရရှိသူ ဒေါ်ခင်မိုးမိုးရည်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၆၆၅/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**မီး သ တိ ပြု**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီ အသီးသီးမှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များမှ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြိုင်ပွဲ၊ ဒီဇင်ဘာလ၌ ကျင်းပမည့်ပဉ္စမအကြိမ်အမျိုးသား အားကစား ပွဲတော်ပြိုင်ပွဲများတွင် မန္တလေး တိုင်းဒေသကြီးအမျိုးသမီး ဘောလုံးအသင်းအောင်မြင်မှုရရှိစေရန်၊ အားကစားနည်းတစ်ခုခုကို လေ့လာလိုက်စားခြင်းဖြင့် ကောင်းမွန်သော အခြေခံစိတ်ဓာတ်များ ရရှိပွားများလာစေရန်၊ ကျန်းမာကြံ့ခိုင်သည့် လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန်၊ ဒေသတွင်း အားကစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ထူးချွန်ထက်မြက်သော တိုင်း ဒေသကြီးလက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်ပြီး အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ပွဲဦးထွက်အဖြစ် အောင်မြေသာစံခရိုင်အသင်းနှင့် ညောင်ဦးခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို ပွဲစဉ်အလိုက် ဇူလိုင် ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ–ဝ–ဝ–ဝ–ဝ

ဝ–ဝ–ဝ





## တူရကီအသင်းက ဂျော်ဂျီယာအသင်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားပြီး အနိုင်ရယူ

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(စ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဒေါ့မွန်မြို့၊ ဒေါ့မွန်ဘောလုံးကွင်းတွင် တူရကီအသင်းနှင့် ဂျော်ဂျီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တူရကီအသင်းက ဂျော်ဂျီယာအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းပွဲစသည်နှင့် တူရကီအသင်းက ဂျော်ဂျီယာအသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ တောက်လျှောက်ပြုလုပ်နိုင်ခဲ့သော်လည်း ဂျော်ဂျီယာခံစစ်ကြောင်းနှင့် ဂိုးသမား၏ အကောင်းဆုံး ကာကွယ်နိုင်မှုများကြောင့် ဂိုးရရှိရန် ခက်ခဲနေခဲ့သည်။ ပွဲချိန် မိနစ် ၂၀တွင် ကျောနံပါတ် ၁၀ ဟာကင်၏ ပင်နယ်တီဧရိယာအတွင်းမှ အပိုင်ကန်သွင်းမှု လွဲချော်ခဲ့မှုကြောင့် တူရကီတို့ ဦးဆောင်ဂိုးရရှိမည့် အခွင့်အရေး ဆုံးရှုံးခဲ့ရပြန်သည်။ ဆက်တိုက်ဆိုသလို တူရကီအသင်းကသာ ထိုးဖောက်ခဲ့ပြီး ပွဲချိန် ၂၅မိနစ်တွင် ဂျော်ဂျီယာနောက်ခံကစားသမား၏ ခေါင်းတိုက်ဖြတ်ထုတ်မှုကို မယ်လ်ဒူအာက ပင်နယ်တီ ဧရိယာထိပ်မှ မြေမကျဘောဖြင့် ဂိုးသမား၏ ဘယ်ဘက်အပေါ်ထောင့်သို့ လှလှပပ ကန်သွင်းယူကာ တူရကီအသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၂၇မိနစ်တွင် ကီနန်ယီဒက်ဇ်၏ သွင်းဂိုးကို လူကျွံဘောအဖြစ် သတ်မှတ်ခံရမှုကြောင့် တူရကီတို့ ဒုတိယမြောက် ဂိုးရရှိမည့် အခွင့်အရေး ဆုံးရှုံးခဲ့ရပြန်သည်။ ဂျော်ဂျီယာအသင်းလည်း ဦးဆောင်ဂိုး ခွင့်ပြုပြီးနောက် ကစားပုံ ပြန်လည်အသက်ဝင်လာခဲ့ပြီး ပွဲချိန် ၃၂မိနစ်တွင် ကျောနံပါတ် ၆ ကိုအော်ကို၏ ချပေးမှုကို မီကာတက်ဒ်ဇီက တူရကီဂိုးသမား၏ ဘယ်ဘက်ထောင့်သို့ မြေလှိမ့်ဘော သွင်းယူကာ ဂျော်ဂျီယာအသင်းအတွက် ချေပဂိုးပြန်လည်ရယူ ပေးနိုင်ခဲ့သည်။ ပွဲချိန် ၃၅မိနစ်တွင်လည်း ပင်နယ်တီဧရိယာအတွင်းမှ အိုတာ၏ ခေါင်းတိုက်ချပေးမှုကို မီကာတက်ဒ်ဇီ အပိုင်ကန်သွင်းခဲ့သော်လည်း ဂိုးနှင့်အနည်းငယ်လွဲချော်မှုကြောင့် တူရကီတို့ သက်သာခဲ့ရသည်။ ပထမပိုင်းပွဲပြီးဆုံးချိန်တွင် တူရကီနှင့် ဂျော်ဂျီယာတို့ တစ်ဖက်တစ်ဂိုးစီဖြင့်သာ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် တူရကီအသင်းက ဂျော်ဂျီယာအသင်းဘက်ကို ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၆၅မိနစ်တွင် အာဒါဂူလာကအသင်းအတွက် ဒုတိယမြောက်ဂိုးရယူပေးနိုင်ခဲ့သည်။ ဂျော်ဂျီယာအသင်းကလည်း ချေပဂိုးပြန်လည်ရရှိရေး လျှင်မြန်သည့်ကစားဟန်အား အသုံးချကာကြိုးစားခဲ့သော်လည်း မာကျောလှသည့် တူရကီခံစစ်ပိုင်း၏ ဖြတ်ထုတ်မှုနှင့် ဂိုးကံခေမှုများကြောင့် ဂိုးရရှိရန် ခက်ခဲနေခဲ့သည်။ ဒုတိယပိုင်းနာကျင်အချိန်ပို ၉၇မိနစ်တွင် တူရကီအသင်းအတွက် အနိုင်သေချာစေမည့် တတိယမြောက်ဂိုးကို အက်ခ်တာကိုဂလူးက သွင်းယူပေးခဲ့သည်။ ပွဲစဉ်ပြီးဆုံးချိန်တွင် တူရကီအသင်းက ဂျော်ဂျီယာအသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီနိုင်ငံ၊ လိုက်ပဇစ်မြို့၊ လိုက်ပဇစ်ဘောလုံးကွင်းတွင် မြန်မာစံတော်ချိန် နံနက်၁နာရီခွဲက ယှဉ်ပြိုင်ကစားသည့် ပွဲစဉ်တွင် ပေါ်တူဂီအသင်းက ချက်ကီးယားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**(နိုင်ကမ္ဘာ)**

